# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၀)ရက် ၊ တနင်္ဂနွေနေ့ ၊ (14-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ရွေးကောက်ပွဲကို ဆင်နွှဲမည်<br>နိုင်ငံတော်သစ် ရှေ့သို့ချီ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# စိတ်ရောကိုယ်ပါကျန်းမာရေးအတွက် လမ်းလျှောက်ပါ

နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းကျင်းပပြုလုပ်လျက်ရှိသည်။ စုပေါင်းလမ်းလျှောက်ခြင်းများကို နိုင်ငံတစ်ဝန်း၌ စနေ၊ တနင်္ဂနွေရက်တို့တွင် စနစ်တကျစုစည်းကျင်းပကြပြီး ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ သက်ဆိုင်ရာစုရပ်များမှတစ်ဆင့် တပျော်တပါးစုပေါင်းလမ်းလျှောက်ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ပျော်ပျော်ရွှင်ရွှင်စုပေါင်းဆောင်ရွက်ကြသည်။

လမ်းလျှောက်ခြင်းကို ပုံမှန်ဆောင်ရွက်ပါက သွေးတိုးနှင့် လေဖြတ်ခြင်းမှကာကွယ်ပေးခြင်း၊ သွေးတွင်းသကြားဓာတ်ပမာဏကိုထိန်းညှိပေး၍ ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ပေးခြင်း၊ နှလုံးသွေးလည်ပတ်စီးဆင်းမှုကိုကောင်းမွန်စေခြင်း၊ အရိုးပွရောဂါဖြစ်ခြင်းမှကာကွယ်ပေးခြင်း၊ မျက်စိကြည်လင်စေခြင်း၊ ဦးနှောက်နှင့် အာရုံကြောအားကောင်းစေခြင်း၊ ကြွက်သားများကိုကျစ်လျစ်စေပြီး အဆီပိုများဖယ်ရှားကာ အဝလွန်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ ကျန်းမာနုပျိုစေခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်ပေသည်။ ထို့ပြင် ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် လေကို သာမန်ထက်ပိုမိုရှူရှိုက်ရသောကြောင့် အဆုတ်၏လုပ်ဆောင်ချက်များကို အားကောင်းလာစေသည့်အပြင် စိတ်ထွက်ပေါက်ဖြစ်စေကာ စိတ်ဖိစီးမှုများကို အချိန်တိုအတွင်းပြေပျောက်စေနိုင်သည်။

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက်အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သော အထိရောက်ဆုံးလေ့ကျင့်ခန်းတစ်မျိုးဖြစ်သည်။ နေ့စဉ် မှန်မှန်လမ်းလျှောက်ခြင်းသည် အချိန်ကုန်၊ ငွေကုန်ကြေးကျနည်းသော အားကစားနည်းတစ်မျိုးဖြစ်သည့်အပြင် မိမိတို့၏ ကျန်းမာရေးစွမ်းအားကို မြှင့်တင်နိုင်သည့် အသက်ရှည်ကျန်းမာနုပျိုစေသောဆေးတစ်ပါးဖြစ်သည်။ ကျန်းမာမှ နေ့စဉ်လုပ်ငန်းကိစ္စများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ရာ သီးသန့်အချိန်ပေးစရာမလိုသော လမ်းလျှောက်ခြင်းအလေ့အထကို ပုံမှန်ပြုလုပ်သင့်သည်။

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ခြင်းများသည် ကျန်းမာရေးကောင်းကျိုးများစွာ ရရှိစေမည့်အပြင် မိတ်ဆွေသစ်များလည်း တိုးပွားလာမည်ဖြစ်သည်။ လမ်းလျှောက်ခြင်းကို တစ်ဦးချင်းဖြစ်စေ၊ စိတ်တူကိုယ်တူအပေါင်းအဖော်များဖြင့်ဖြစ်စေ ပြုလုပ်ပါက ကျန်းမာသောဘဝကို ရရှိပိုင်ဆိုင်နိုင်မည့်အပြင် ချစ်ခင်ရင်းနှီးမှုများလည်း ပိုမိုတိုးပွားလာစေမည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် ကျန်းမာအသက်ရှည်စွာဖြင့်နေထိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုသာမက သင့်လျော်သောကိုယ်လက်လှုပ်ရှားမှုဖြစ်သည့် အခြေခံကျသောလမ်းလျှောက်ခြင်းကို နေ့စဉ်ပြုလုပ်သင့်ပေသည်။

သို့ဖြစ်ရာ **"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"**ဆိုသည့်အတိုင်း ဒီဇင်ဘာလ၏ ချမ်းအေးလှသောနံနက်ခင်းများကို စိတ်တူကိုယ်တူအပေါင်းအဖော်များနှင့်အတူ စုပေါင်းလမ်းလျှောက်ခြင်းသည် လူတစ်ဦးချင်းစီအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပြင် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းအတွက် ကျန်းမာရေးဆုလာဘ်ကြီးဖြစ်သည်။ လမ်းလျှောက်ခြင်းကို ကျန်းမာရေးအသိဖြင့်ပြုမူနေထိုင်ပါက နေ့စဉ်ဘဝတွင် စိတ်ရောကိုယ်ပါကျန်းမာသန်စွမ်းခြင်းနှင့်အတူ အောင်မြင်မှုအပေါင်းကို ဆွတ်ခူးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန် ၁၄ ရက် သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၀၆၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၀၆၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၇၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၀၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၃၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၉၆၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၆၂၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၄၈၂၀၊ ပုလဲမြို့နယ်တွင် ဧက ၁၀၅၀ စုစုပေါင်း ၂၃၀၆၅ ဧကဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးစိမ်းအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ကွမ်းသီးစိမ်း အလုံးရေ ၆၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ကွမ်းသီးစိမ်း အလုံးရေ ၉၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့နေရတာပါ။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်ပါတယ်။ လက်ရှိ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ ကို ငွေကျပ် ၂၀၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့ ရောင်းချအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေပြေ လုပ်ကိုင်နေပါတယ်'' ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တင်ပို့ရောင်းချသည့် ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် ဝယ်ယူကာစနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပြင်ဦးလွင်မြို့နယ် ငုက္ခလေးကျေးရွာရှိ ရာဇအောင်မြေစေတီတော်တည်ဆောက်နေမှု၊ ထီးတော်တင်လှူနိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေး



**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြင်ဦးလွင်တပ်နယ်မှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် အတွင်းရေးမှူး၊ တပ်နယ်မှတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါပြီး ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ငုက္ခလေးကျေးရွာရှိ ရာဇအောင်မြေစေတီတော် တည်ဆောက်နေမှု၊ ထီးတော်တင်လှူနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံဃာတော်များအားဖူးမြော်၍ရာဇအောင်မြေစေတီတော်တည်ဆောက်နေမှု၊ ထီးတော်တင်လှူနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဩဝါဒများခံယူပြီး အောင်မြေကျောက်ဂူအပေါ်တွင် ရာဇအောင်မြေစေတီတည်ဆောက်ခြင်း၊ ရင်ပြင်တော်အား ကွန်ကရစ်လောင်းခြင်း၊ ရင်ပြင်တော်ပေါ်သို့ တက်သည့်လမ်းကို ကွန်ကရစ်လမ်းဖောက်လုပ်ခြင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် သပြေညီနောင်အောင်ဇေယျမုနိစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုပြီး စေတီတော်ရင်ပြင်တော်နှင့်ပရိဝုဏ် သန့်ရှင်း သာယာလှပရေးတို့အတွက်လုပ်ငန်း ကဏ္ဍများအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ဘူတာအနီးရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အ.လ.က (၁)သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၊ လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းဥပစာရှေ့တွင် ၁၀ ပေ အကျယ်ရှိ လူသွားလမ်းပလက်ဖောင်း တည်ဆောက်သွားနိုင်ရန်နှင့် ပြင်ဦးလွင်ဘူတာအနီးရှိ အောင်ဇေယျလမ်းမကို အကျယ် ၄၈ ပေ တိုးချဲ့နိုင်ရန်အတွက် ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆောင်ရွက်မည့်လုပ်ငန်းများကို အမြန်ဆုံးစတင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် သုမင်္ဂလာဈေး (ညံ့တောဈေး) အဆင့်မြင့်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းအဆင့်ဆင့်အလိုက်ဆောင်ရွက်နေမှု၊ အထပ်လိုက် ဆိုင်ခန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု၊ စီမံကိန်းတစ်ခုလုံး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို Air Condition System မှလွဲ၍ ကျန်လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ခြောက်နာရီကြာ Solar System ဖြင့် ပံ့ပိုးပေးနိုင်ရန်အတွက် Solar Panel များ တပ်ဆင်နေမှု၊ ကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကသာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် အသိပညာများ ပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးညှင်းမြို့နယ် တောင်ယာဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညှင်း ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ယာဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက တောင်ယာဖျားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ပြောပြ၍ သိရသည်။

**အေးမြတ်**



# ထူးခြားဆန်းသစ်သောအယူအဆများဖြင့် ဈေးကွက်ဖော်ဆောင်ကြရအောင်

မျိုးသူ(ကုန်သွယ်မြင့်)

ကျွန်တော်တို့ ဈေးရောင်းလျှင် အရည်အသွေးက အဓိကကျသည်ဟု ပြောခဲ့သည်။ မှန်လည်းမှန်သည်။ သို့ရာတွင် အချို့သောဈေးဆိုင်များသည် အရည်အသွေးကောင်းသောပစ္စည်းများကို ရောင်းချနေသော်လည်းရောင်းရခြင်းမရှိသည်ကို တွေ့နေရတတ်သည်။ ထိုအခါတွင် ကျွန်တော်တို့ မည်သည့်အကြောင်းကြောင့် မရောင်းရသည်ကို ရှာဖွေရသည်။ ဆိုင်ရှင်တချို့က မိမိပစ္စည်းသည် အရည်အသွေးကောင်းဖြစ်သည်။ ဝယ်ယူသူများသည် အရည်အသွေးကောင်းလျှင် ရောင်းသည့်နေရာကို ရှာဝယ်တတ်ကြသည်ဟု ယူဆကြသည်။ မှန်ပါသည်။ ဈေးဝယ်ယူသူများတွင် အချို့မှာ အရည်အသွေးကောင်းသည့်နေရာကို ရှာဖွေဝယ်ယူကြသည်။ သို့သော် အဆိုပါနေရာကိုလူအများစု သိနေမှသာ မသိသူများလည်း သိအောင်လုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ဆိုင်နှစ်ဆိုင် ယှဉ်ပြိုင်ရောင်းနေသည့်အခါတွင် ဆိုင်နှစ်ခုစလုံး အရည်အသွေးဆိုင်ရာ မကွာခြားသော်လည်း ဆိုင်တစ်ဆိုင်မှာ မရောင်းရဘဲ အခြားဆိုင်တစ်ဆိုင်သာ ရောင်းနေရသည်မျိုးလည်း ကြုံဖူးကြမည်ဖြစ်သည်။ ထိုသို့ဖြစ်လျှင် အခြားသော ပေါင်းသင်းဆက်ဆံရေး၊ ဖောက်သည်များအပေါ် တုံ့ပြန်မှု၊ အရောင်းစာရေးများ၏ဆက်ဆံရေး စသည်ဖြင့် ဆက်လက်ကြည့်ကြရသည်။ ထို့ပြင် ဆိုင်၏ တည်နေရာများပေါ်တွင်လည်း မူတည်တတ်သည်။ သို့သော် ယခုပြောလိုသည်မှာ ဈေးကွက်ထဲတွင် သာမန်ထက်ထူးခြားပြီး ချက်ချင်းသတိထားမိစေသောထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုသည် အခြားသော အမျိုးအစားတူပစ္စည်းများထက် ပိုမိုရောင်းရတတ်သည်ဆိုသောအချက်ကို အထူးပြုတင်ပြလိုသည်။

**❖ ထူးခြားဆန်းသစ်သောအယူအဆဖြင့် ဈေးကွက်ဖော်ဆောင်ရာတွင် အမှန်တကယ်ထူးခြားခြင်း၊ မှတ်သားလောက်စေခြင်းဖြစ်ရန် လိုအပ်သည်။ ယနေ့ခေတ်တွင် သာမန်မျှသောကြော်ငြာများသည် စားသုံးသူများကို ဆွဲဆောင်ခြင်းမပြုနိုင်တော့ပါ။ စားသုံးသူများသည် သာမန်ကြော်ငြာများကို ငြီးငွေ့နေပြီဖြစ်သည်။ ထို့ကြောင့် သာမန်ကြော်ငြာနှင့် ပုံမှန်ထုတ်ကုန်များသည် အောင်မြင်ရန် မလွယ်ကူပါ။ အောင်မြင်စေရန်အတွက် မိမိတို့ထုတ်ကုန်များသည် အခြားသောအမျိုးတူထုတ်ကုန်များထက် ထူးခြားထင်ရှားနေရန် လိုအပ်သည်။ ❖**

**ဈေးကွက်ဖော်ဆောင်ရေးအတွက် 4Ps**

ဈေးကွက်ဖော်ဆောင်ရေးပညာကို စတင်လေ့လာသည်နှင့်တစ်ပြိုင်နက် 4Ps ကို လေ့လာရသည်။ 4Ps ဆိုသည်မှာ Product ဟူသော ကုန်ပစ္စည်း၊ Price ဟူသော ဈေးနှုန်း၊ Place ဟူသော နေရာနှင့် Promotion ဟူသော ဈေးကွက်မြှင့်တင်ရေးနည်းလမ်းတို့ဖြစ်သည်။ အနည်းငယ်ပြန်ပြောပြရမည်ဆိုပါက မိမိထုတ်လုပ်ရောင်းဝယ်သော ကုန်ပစ္စည်း၏အရည်အသွေး၊ အရေအတွက်၊ ထုပ်ပိုးပုံတို့သည် အခြေခံလိုအပ်ချက်များဖြစ်သည်။ မိမိရောင်းသောကုန်ပစ္စည်း၏ အရည်အသွေး၊ အရေအတွက်၊ ထုပ်ပိုးပုံ စသည်တို့သည် အခြားသူများနှင့် ကွာခြားမှုမရှိလျှင် ဈေးကွက်ထိုးဖောက်ဝင်ရောက်မှုအတွက် အခြားသောအားသာချက်များကို ရှာဖွေရမည်ဖြစ်သည်။ ကုန်ပစ္စည်း၏ အခြေခံအချက်များပြည့်စုံလျှင် ဒုတိယအရေးကြီးဆုံး အချက်မှာဈေးနှုန်းဖြစ်သည်။ ဈေးနှုန်းသတ်မှတ်ရာတွင် မူလမထုတ်လုပ်မီ၊ ထုတ်လုပ်ရန်ပြင်ဆင်စဉ်ကပင် ရောင်းချမည့်ဈေးကွက်နှင့် ရောင်းချရန်ရည်မှန်းထားသည့် ဈေးဝယ်ယူမည့်သူအခြေအနေကို ရည်ရွယ်ပြီး ဈေးနှုန်းကိုတွက်ချက်ထားတတ်သည်။ ဆိုလိုသည်မှာ အိုင်ဖုန်းများသည် ငွေကြေးတတ်နိုင်သူများအတွက်ရည်ရွယ်ပြီး အရည်အသွေးနှင့်ဈေးနှုန်းကို ကြိုတင်တွက်ချက်ထားပြီးဖြစ်သည်။ ဆန်ရောင်းချရန်အတွက်ကိုကြည့်ပါက တစ်နိုင်ငံလုံး စားသုံးသူများ၊ အလွှာအမျိုးမျိုးက စားသုံးသူများအတွက် ရည်ရွယ်တတ်သည်။ ထိုသို့ ဝယ်ယူမည့်သူများ၏စီးပွားရေးအခြေအနေကိုပါ ကြိုတင်စဉ်းစားထားပြီး ဝယ်ယူသူတတ်နိုင်မည့် ဈေးနှုန်းများကို သတ်မှတ်တတ်ကြသည်။ လက်လီဆိုင်လေးများတွင်မူ ဝယ်ယူလာသည့်ဈေးနှုန်း၊ သယ်ယူပို့ဆောင်စရိတ်၊ ဝန်ထမ်းနှင့်ဝန်ဆောင်ခများကို နှုန်းထားတစ်ခုဖြင့် ထည့်ပြီးသတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းတစ်ခုထည့်၍ရောင်းဈေးသတ်မှတ်တတ်ကြသည်။ လက်လီဆိုင်များတွင် အနီးအနားဲ၌ပြိုင်ဆိုင်နိုင်သည့်ဆိုင်များရှိတတ်သော်လည်း အခြားသောအရည်အချင်းများနှင့်လည်း ဈေးနှုန်းအနည်းငယ်မြင့်သည့်တိုင်အောင် ရောင်းချရတတ်သည်။ ဈေးနှုန်းသည် များသောအားဖြင့် ဝယ်ယူချင်စိတ်ကို အတိုးအလျှော့ဖြစ်စေတတ်သည်။ ဆိုင်တည်နေရာသည်လည်း ရောင်းအားအတွက် အဆုံးအဖြတ်ဖြစ်တတ်သည်။ တစ်ခါတစ်ရံတွင် ရပ်ကွက်အတွင်းရှိသောဆိုင်လေးသည် လမ်းမကြီးပေါ်မှဆိုင်ကြီးထက် ရောင်းအားများတတ်သည်။ တည်နေရာမှာ ဝယ်ယူသူဖောက်သည်များနှင့်အနီးဆုံးတွင်ဖြစ်နေသောကြောင့် ရောင်းအားများခြင်းဖြစ်သည်။ ဈေးကွက်မြှင့်တင်ခြင်းတွင် ယခင်က တယ်လီဖေးရှင်းများဖြင့် ကြည့်ရှုမှုများစဉ်က ကုန်ပစ္စည်းကြော်ငြာများသည် တီဗီများ၏ ကြည့်ရှုသူများသောဇာတ်လမ်းများကြားတွင် နေရာယူတတ်ကြသည်။ ကြည့်ချင်သည်ဖြစ်စေ မကြည့်ချင်သည်ဖြစ်စေမြင်နေရသဖြင့် ကုန်ပစ္စည်းများကို ကြည့်ရှုသူများက မှတ်မိနေတတ်ကြသည်။ ယခုခေတ်တွင် စမတ်ဖုန်းများကြောင့် တီဗီများကို အားထားမှုလျော့ကျသွားသဖြင့် တီဗီကြော်ငြာများ ကျဆင်းသွားပြီး အခြားနည်းလမ်းများဖြင့် ကြော်ငြာမှုများ ပြောင်းလဲလာသည်။ အရောင်းမြှင့်တင်ရေးနည်းလမ်းများ အမျိုးမျိုးရှိသည်။

သာဓကအားဖြင့် ကျွန်တော်တို့သည် ကျေးလက်များတွင်ဖြစ်စေ၊ ခရီးသွားရင်းဖြစ်စေ နွားအုပ်များကို မြင်တွေ့ရလေ့ရှိသည်။ မြင်တွေ့ချိန်တွင် ရာသီဥတုသာယာခြင်း၊ ပတ်ဝန်းကျင်ရှုခင်းလှခြင်းတို့နှင့်တွဲ၍ မြင်လျှင် ခဏတ္တကြည့်ရှုတတ်ကြသော်လည်း အချိန်ကြာမြင့်စွာစိတ်ဝင်စားခြင်းမရှိဘဲ စိတ်တွင် ခဏနှင့် ပျောက်ကွယ်သွားတတ်သည်။ ခရီးသွားရင်းနွားမအုပ်တစ်အုပ်တွေ့ရသည်ကို Facebook ပေါ်တွင် မည်သူမျှ Post မတင်တတ်ကြပါ။ အခြားသော သူငယ်ချင်းများသို့လည်း နွားမအုပ်တစ်အုပ်ကို မည်သည့်နေရာတွင်တွေ့ခဲ့ရကြောင်း ထူးထူးခြားခြားပြောမိမည်မဟုတ်ပါ။ ထို့ကြောင့် နွားတစ်အုပ်သည် မည်သူ့အတွက်မျှ ထူးခြားသော၊ စိတ်တွင်စွဲထင်သောအရာမဖြစ်လာပါ။ ထို့ကြောင့်သင်သည်လည်း အဖြူ အညို သာမန်နွားတစ်ကောင်ရောင်းချမည်ဆိုပါက အခြားသော နွားရောင်းနေသူများနှင့် ထူးခြားမှုမရှိဘဲ ဈေးကွက်ဝေစုအနည်းငယ်မျှဖြင့်သာ ရောင်းနေရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဖြူ အညို သာမန်နွားပေါင်းများစွာကို လူတိုင်းလိုလို တွေ့ဖူးမြင်ဖူးကြသဖြင့် စိတ်ဝင်စားမှုမရှိဖြစ်ကြသည်။ စိတ်ဝင်စားမှုနည်းပါးကြသည်။ ရန်ကုန်မြို့တွင်းရှိ လက်ဖက်ရည်ဆိုင်များတွင်ရောင်းချသော လက်ဖက်ရည်တစ်ခွက်သည် သာမန် အဖြူ အညို နွားတစ်ကောင်နှင့်တူပြီး ထူးခြားဆန်းသစ်မှုမရှိဟုဆိုလိုခြင်းဖြစ်သည်။

**ထူးခြားမှုဖြင့် ဝယ်သူကိုဆွဲဆောင်**

အထက်တွင်ဖော်ပြသော အဖြူ အညို သာမန်နွားမအုပ်ထဲတွင် ခရမ်းရောင်နွားမတစ်ကောင်ကို တွေ့မိမည်ဆိုပါက တွေ့ရှိသူသည် ချက်ချင်းပင် အဆိုပါနွားမသည် ထူးခြားသောအရောင်ရှိသည်၊ ချက်ချင်းဆွဲဆောင်မှုပေးပြီး ဓာတ်ပုံရိုက်ယူခြင်း၊ မိမိနှင့်တွဲပြီး Selfie ဆွဲခြင်း၊ Facebook နှင့် အခြား Social media များတွင် ဖြန့်ဝေခြင်း၊ အပေါင်းအသင်း မိတ်ဆွေများကို မည်သည့်နေရာတွင်တွေ့သည်၊ မည်သူပိုင်သည်၊ ဈေးမည်မျှရှိသည် စသည်ဖြင့် ပြောပြခြင်းမျိုးလုပ်ကြမည်မှာသေချာသည်။ ထိုသို့ဖြစ်ရသည်မှာ တွေ့မြင်သောခရမ်းရောင်နွားမသည် နွားမတစ်ကောင်သာဖြစ်သော်လည်း အရောင်အားဖြင့် နွားနှင့်တွဲ၍သိသောအရောင်မျိုးမဟုတ်သဖြင့် ချက်ချင်းဆွဲဆောင်မှုဖြစ်စေခြင်းဖြစ်သည်။ ဤကဲ့သို့ ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းများတွင် အစဉ်အလာအတိုင်းရှိသော အထက်တွင်ဖော်ပြခဲ့သည့် 4Ps များအပြင် စာရေးဆရာ Seth Godin က ပဉ္စမမြောက် P အဖြစ် ခရမ်းရောင်နွားမ Purple Cow ကို ထည့်သွင်းသင့်သည်ဟုဆိုသည်။ ဤသို့ဖြစ်ရသည်မှာ ဤခရမ်းရောင်နွားမ ဥပမာသည် Remarkable မှတ်သားစရာကောင်းခြင်း၊ ထူးခြားခြင်းကို စားသုံးသူစိတ်တွင် စွဲထင်စေပြီး အမြဲအမှတ်တရဖြစ်နေမည့် အခြေအနေမျိုးဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ဈေးရောင်းမည့်သူများ၊ ကုန်ထုတ်လုပ်သူများသည် ခရမ်းရောင်နွားမကို ဖန်တီးသင့်သည်။

ထူးခြားဆန်းသစ်သောအယူအဆဖြင့် ဈေးကွက်ဖော်ဆောင်ရာတွင် အမှန်တကယ် ထူးခြားခြင်း၊ မှတ်သားလောက်စေခြင်းဖြစ်ရန် လိုအပ်သည်။ ယနေ့ခေတ်တွင် သာမန်မျှသောကြော်ငြာများသည် စားသုံးသူများကို ဆွဲဆောင်ခြင်းမပြုနိုင်တော့ပါ။ စားသုံးသူများသည် သာမန်ကြော်ငြာများကို ငြီးငွေ့နေပြီဖြစ်သည်။ ထို့ကြောင့် သာမန်ကြော်ငြာနှင့် ပုံမှန်ထုတ်ကုန်များသည် အောင်မြင်ရန်မလွယ်ကူပါ။ အောင်မြင်စေရန်အတွက် မိမိတို့ထုတ်ကုန်များသည် အခြားသောအမျိုးတူထုတ်ကုန်များထက် ထူးခြားထင်ရှားနေရန် လိုအပ်သည်။

မြန်မြန်ထုတ်၊ မြန်မြန်ဖြန့်ချိသည့်နည်းလမ်းကို သုံးရန်လည်းလိုအပ်သည်။ ယနေ့ခေတ်တွင် တုပခြင်း၊ ဆင်တူပြုလုပ်ခြင်းများသည် အလွန်မြန်ဆန်စွာ ပေါ်ပေါက်နေတတ်သည်။ အသေးစားစက်မှု၊ လက်မှုပစ္စည်းများထုတ်လုပ်ရာတွင် အမြဲလိုပင် တုပသည့်ပစ္စည်းများ၊ ဆင်တူပစ္စည်းများ ချက်ချင်းထွက်ပေါ်လာတတ်သည်။ ထို့ကြောင့် မြန်မြန်ထုတ်ပြီးချက်ချင်းဖြန့်ချိသည့်နည်းလမ်းကိုလည်း သုံးနိုင်ရသည်။ မိမိကုန်ပစ္စည်းသည် ထူးခြားဆန်းသစ်မှုအပြည့်ရှိသည်ဟု ကိုယ်တိုင်သိသော်လည်း ဈေးကွက်အတွင်းရောက်သည်နှင့် အခြားဆင်တူပစ္စည်းများချက်ချင်းပေါ်ပေါက်လာတတ်သည်။ ထို့ကြောင့် လျင်မြန်စွာအသစ်အဆန်းကြိုက်သူများ၊ အပြောင်းအလဲကို နှစ်သက်သူများကို ရည်မှန်းချက်ထားပြီး စတင်ရောင်းချသင့်သည်ဟု ဆိုသည်။ ထိုသူများက နှစ်သက်သည်နှင့်အမျှ တစ်ဆင့်တစ်ဆင့် သတင်းကိုဖြန့်ဝေမည်ဖြစ်သည်။ ဈေးကွက်ကြီးကြီးအတွက်နှင့် စားသုံးသူအားလုံးအတွက်ရည်ရွယ်ပြီး ထုတ်လုပ်ခြင်းမျိုးအတွက် စရိတ်ကြီးသောကြော်ငြာများ၊ ကုန်ကျစရိတ်များရှိမည်ဖြစ်ပြီး ရောင်းချရမှုပိုင်းတွင်လည်း အကန့်အသတ်များနှင့် ရောင်းအားမသေချာတတ်ပါ။ ထို့ကြောင့် ရည်မှန်းဝယ်ယူသူကို တတ်နိုင်သမျှ ဘောင်ကျဉ်းသည့်အဝန်းအဝိုင်းအတွက်သာတွေးပြီး တီထွင်ဖန်တီးခြင်းကို ဆောင်ရွက်သင့်သည်ဟု ဆိုသည်။ ဥပမာ–ခြေအိတ်ထုတ်ရာတွင် အားလုံးဝတ်နိုင်သည့်အရောင်ဒီဇိုင်းများအစား မြီးကောင်ပေါက်အရွယ် ဆယ်ကျော်သက်များအတွက် အရောင်ဆန်း၊ ဒီဇိုင်းဆန်းခြေအိတ်မျိုးကို ထုတ်သင့်သည်ဟု ဆိုသည်။ ထို့ပြင် ခရမ်းရောင်နွားမကို ထုတ်လုပ်နိုင်ပြီး ရောင်းချနေသော်လည်း အချိန်ကြာလာသည်နှင့်အမျှ အပြိုင်ခရမ်းရောင်နွားမများပေါ်လာမည်ဖြစ်ပြီး မထူးဆန်းသောပစ္စည်းမျိုး ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် အခြားသောမတူညီသည့် နောက်ထပ် ခရမ်းရောင်နွားမမျိုးကို ထပ်မံဖန်တီးရမည်ဖြစ်သည်။

**ထူးခြားဆန်းသစ်ခြင်းနှင့် အဟန့်အတား**

စာရေးဆရာဂေါ်ဒင်၏အယူအဆအရ ဈေးကွက်ထဲတွင် ထူးခြားသည့်အယူအဆများ၊ တီထွင်ဖန်တီးမှုများအစဉ်သဖြင့် ရှိနေမည်ဖြစ်သော်လည်း ကုမ္ပဏီလုပ်ငန်းရှင်အများစုသည် အကြောက်တရားကြောင့်လည်းကောင်း၊ ထုံးတမ်းစဉ်လာကိုဖျက်ရန် ခက်ခဲသည့်အတွက်လည်းကောင်း၊ ယခင်က ကုန်ကျစရိတ်များကို ငဲ့ကွက်နေရသဖြင့်လည်းကောင်း တီထွင်ဆန်းသစ်မှုနှင့် ထူးခြားသောအတွေးအခေါ်များကို ပိုမိုလုပ်ကိုင်နိုင်ခြင်းမရှိတတ်ပါဟုဆိုသည်။ အဓိကလိုအပ်ချက်သည် စွန့်စားလိုစိတ်ဖြစ်သည်။

ကျွန်တော်တို့ကို စာရေးဆရာဂေါ်ဒင်က ဈေးကွက်ရှာဖွေခြင်းကိုရပ်တန့်ပြီး ထုတ်ကုန်ကိုသာ အာရုံစိုက်ကာ အကောင်းဆုံးဆန်းသစ်မှုများနှင့် အရည်အသွေးကောင်းထုတ်ကုန်များ ထုတ်လုပ်ရန် တိုက်တွန်းထားသည်။ မိမိကိုယ်တိုင်က ထုတ်လုပ်မှုကို အကောင်းဆုံးထူးခြားစွာထုတ်လုပ်နိုင်လျှင် သုံးစွဲသူကိုယ်တိုင်ကပင် သတင်းဖြန့်ချိပေးသူ၊ ကြော်ငြာပေးသူဖြစ်လာမည်ဟုဆိုသည်။ ထို့ကြောင့် ယခုခေတ်တွင် ကြော်ငြာများကို Skip လုပ်နိုင်နေပြီဖြစ်၍ တန်ဖိုးကြီးပေးရသောကြော်ငြာများသည် ကုမ္ပဏီအတွက် အကုန်အကျများပြီး အသုံးဝင်မှုနည်းလာသည်ကိုတွေ့နိုင်သဖြင့် ခရမ်းရောင်နွားမကဲ့သို့ ဝယ်ယူသူများပါးစပ်ဖျားတွင် ထူးခြားဆန်းသစ်သောပစ္စည်းမျိုးဖြင့် ဝယ်ယူသူကို ဆွဲဆောင်ခြင်းက သာလွန်ကောင်းမွန်သည်ဟုဆိုကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား**

- **Seth Godin's Purple Cow.**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေး မြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၄၄၁၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၄၄၁၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၉၄၄၁၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့်စပါးများ တစ်ဧကလျှင် ၁၀၃ ဒသမ ၈၂ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်တစ်ခုလုံး အနေနဲ့ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ စပါးတွေကို ပြန်လည်ရိတ်သိမ်းလျက်ရှိပါတယ်။ စပါးဧက ၉၀၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့ စပါးတွေ တစ်ကေချင်းအထွက်နှုန်းကောင်းခဲ့သလို စပါးအရည်အသွေးလဲ ကောင်းပါတယ်။ ဝါးခယ်မမြို့နယ် အပါအဝင် ခရိုင်အတွင်းက မြို့နယ်တွေမှာ စပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီ အချိန်ကတည်းက သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ နည်းပညာပေး လုပ်ငန်းတွေကို ကြိုတင် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက လျာထားစိုက်ပျိုးခဲ့သည့် စပါး ၂၁၃၂၁၆ ဧကတွင် ဆင်းသုခ၊ GW-3၊ GW-11၊ GW-18 ပခမ်း၊ ဧရာမင်း၊ မှော်ဘီ ၁၊ မှော်ဘီ ၃၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နှံကား၊ နယူးဧက ၁ စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစပါးများ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးရိတ်သိမ်းနိုင်ရေး ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## မင်းဘူးမြို့နယ် ကုလားပါးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု အထွေထွေ ပိုလျှံရန်ပုံငွေဖြင့် ကုလားပါးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကုလားပါးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ကုလားပါးကျေးရွာ၌ အရှည် ပေ ၁၉၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု အထွေထွေ ပိုလျှံရန်ပုံငွေကျပ် သိန်း ၁၅၆၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် နိုဝင်ဘာ ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဇင်မာ**

## တန်ဖိုးရှိသော လူ

- ပတ်ဝန်းကျင် အလေးထား
  အတွေးမမှား ဆင်ခြင်ဖွယ်၊
  စကားချို အပြောမကြမ်း
  ရွှင်လန်းစေကွယ်၊
  အပြုံးဖြင့် ပေါင်းကူးသွယ်
  သောကရယ် ကင်းစေဖို့၊
  မိတ်ဆွေတွေ အကျိုးကောင်းအောင်
  လမ်းကြောင်းပြစို့။

- အလုပ်တွေ လက်စသတ်
  ကတိကဝတ် တည်ပါစေ၊
  အရာရာ စနစ်ကျ
  တွေးဆပြုလေ၊
  ယုတ်ညံ့သော စိတ်ထားတွေ
  ရှောင်ကြဉ်အဆွေ မသုံးဘဲ၊
  ရိုးသားစွာ စေတနာထား
  ကြိုးစားစဉ်မြဲ။

- ရှင်သန်လေ စိတ်ကောင်းနှလုံး
  ပီတိဖုံး ပျော်ရွှင်ကာ၊
  လောကကို အလှဆင်ပေး
  အေးမြမည်သာ၊
  အသိသတိ မလွတ်ရာ
  လောကမှာ နေထိုင်ခြင်း၊
  တန်ဖိုးဝင် လူသားအဖြစ်
  ထုဆစ်ဆွေရင်း။ ။

ဖြိုးထက်(ရေစကြို)

## ဘားအံမြို့နယ် ကော့ထေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဒီဇင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ထေးကျေးရွာ၌ ဒုတိယ အကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကော့ထေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းထံမှ သိရသည်။ **ကိုသက်**

# နိုင်ငံတကာ သတင်းများ



## ကမ္ဘောဒီးယားကို ဆက်လက်တိုက်ခိုက်မည်ဟု ထိုင်းဝန်ကြီးချုပ် အနူတင် ပြောကြား

**ဗန်ကောက် ဒီဇင်ဘာ ၁၃**

ပိုင်ဆိုင်ခွင့်အငြင်းပွား နယ်စပ်တစ်လျှောက် ကမ္ဘောဒီးယားတပ်များကို ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်အနူတင်ချန်ဗီရာကူးလ်က ယနေ့တွင် ပြောကြားလိုက်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံကြား အပစ်အခတ်ရပ်စဲရေး ပြန်လည်ရရှိရန် ကြားဝင်ညှိနှိုင်းခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် ကမ္ဘောဒီးယားတပ်များကို ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ထုတ်ပြောခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ထိုင်းအချုပ်အခြာနယ်မြေနှင့် ပြည်သူများအတွက် ခြိမ်းခြောက်မှုများ ကင်းမဲ့သွားချိန်ထိ ကမ္ဘောဒီးယားတပ်များကို နယ်စပ်တစ်လျှောက် ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဒီဇင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်၊ ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်တို့နှင့် ဖုန်းခေါ်ဆိုဆွေးနွေး၍ လက်ရှိ နယ်စပ်ပဋိပက္ခများ အဆုံးသတ်ရန် ကြားဝင်ညှိနှိုင်းခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့အကြား လက်ရှိဖြစ်ပွားနေသော နယ်စပ်ပဋိပက္ခများသည် ဒီဇင်ဘာ ၈ ရက်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လကလည်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ သမ္မတဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရှေးဟောင်းဂူသင်္ချိုင်း ဖောက်ထွင်းသူအဖြစ် ယူဆရသူ ၃၄ ဦးကို အီတလီရဲတပ်ဖွဲ့ ဖမ်းဆီး

**ရောမ ဒီဇင်ဘာ ၁၃**

စစ္စလီကျွန်းနှင့် အိမ်နီးချင်း ကာလာဘရီရာ ဒေသတို့ရှိ ရှေးဟောင်းသုတေသန နယ်မြေများ၌ ဂူဖောက်ထွင်း၍ အဖိုးတန်ရတနာများ ခိုးယူခဲ့ကြသူအဖြစ် ယူဆရသူ ၃၄ ဦးကို အီတလီရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၂ ရက်က ဖမ်းဆီး ထိန်းသိမ်းထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရှေးဟောင်းဂူသင်္ချိုင်း ဖောက်ထွင်းသူများအဖြစ် ယူဆရသူများနှင့်အတူ ရှေးဟောင်းပစ္စည်းမျိုးစုံ ၁၀၀၀၀ ခန့်ထိ သိမ်းဆည်းနိုင်ခဲ့ကြောင်း အီတလီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဂူဖောက်ထွင်းသမားများနှင့်အတူ သိမ်းဆည်းခဲ့သည့် ရှေးဟောင်းပစ္စည်းများထဲတွင် စစ္စလီကျွန်းပေါ်ရှိ ရှေးခေတ် ဂရိမြို့ပြနိုင်ငံများ၌ သုံးစွဲခဲ့ကြသော ဒင်္ဂါးပြား ၇၀၀၀ လည်းပါဝင်ကြောင်း သိရသည်။

ထို့ပြင် မြေအိုးများ၊ ကြေးလက်စွပ်များ၊ ရင်ထိုးများ၊ မြားထိပ်ဖူးများကိုလည်း ဂူဖောက်သမားများလက်မှ သိမ်းဆည်းနိုင်ခဲ့ကြောင်း အီတလီရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

အနုပညာ လက်ရာများနှင့် ရှေးဟောင်းအမွေအနှစ်များ ခိုးယူခံရမှုသည် အီတလီနိုင်ငံ ရာစုခေတ်အဆက်ဆက် ရင်ဆိုင်ခဲ့ရသည့် ပြဿနာဖြစ်သည်။

သို့ရာတွင် မကြာမီနှစ်များအတွင်း အီတလီရဲတပ်ဖွဲ့သည် ခိုးယူခံခဲ့ရသည့် ရှေးဟောင်းပစ္စည်းများကို ပြန်လည်ရယူရာတွင် အောင်မြင်မှုအချို့ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရုရှားပြန် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကြိုဆို

**ပြုံယမ်း ဒီဇင်ဘာ ၁၃**



ရုရှားနိုင်ငံ၌ တာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော စစ်အင်ဂျင်နီယာတပ်ဖွဲ့ ကြိုဆိုပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် တက်ရောက်ခဲ့သည်ဟု မြောက်ကိုရီးယား အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော အမှတ်(၅၂၈) စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို သူရဲကောင်းများအဖြစ် ဂုဏ်ပြုခဲ့သည်။

ကိုရီးယား ပြည်သူ့တပ်မတော်၏ အမှတ်(၅၂၈) စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် ရုရှားနိုင်ငံ၌ ရက်ပေါင်း ၁၂၀ ကြာ မိုင်းရှင်းလင်းရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း မြောက်ကိုရီးယားသတင်းဌာနများက ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် အမှတ်(၅၂၈)စစ်အင်ဂျင်နီယာတပ်ကို ယခုနှစ် ဩဂုတ်လအစောပိုင်းတွင် ရုရှားနိုင်ငံအနောက်ပိုင်း ခုံချ်ဒေသသို့ စတင်စေလွှတ်ခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်နှစ်ကလည်း ခုံချ်ဒေသသို့ တပ်ဖွဲ့ဝင် ၁၄၀၀၀ ထိ စေလွှတ်၍ ရုရှားကို အကူအညီပေးခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အပြန်အလှန်စစ်ရေးအရ ကာကွယ်ရေးသဘောတူညီချက်ရယူထားသည့် မဟာမိတ်နိုင်ငံများ ဖြစ်ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

## ယူကရိန်းနိုင်ငံ အိုဒက်ဆာဒေသရှိဆိပ်ကမ်းများကို ရုရှားတပ်များက လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**ကီယက်ဗ် ဒီဇင်ဘာ ၁၃**

ရုရှား လက်နက်ကိုင်တပ်များသည် ယူကရိန်းနိုင်ငံ အိုဒက်ဆာဒေသရှိ ပင်လယ်နက်ဆိပ်ကမ်းနှစ်ခုကို ဒီဇင်ဘာ ၁၂ ရက်တွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားတပ်များ၏ တိုက်ခိုက်မှုကြောင့် အဆိုပါဆိပ်ကမ်းများ၌ ဆိုက်ကပ်ထားသည့် တူရကီယဲ ကုန်တင်သင်္ဘော သုံးစီး ပျက်စီးခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှား ရေနံတင်သင်္ဘောများ ပင်လယ်နက်ဒေသ၌ တိုက်ခိုက်ခံရမှုအတွက် ယူကရိန်းကို ပင်လယ်ပြင်နှင့် အဆက်ဖြတ်မည်ဟု ရုရှားသမ္မတ ပူတင်က သတိပေးခဲ့ပြီးနောက် အိုဆာဒက်ဒေသရှိ ယူကရိန်းဆိပ်ကမ်းများကို ရုရှားတပ်များက တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ရုရှားတပ်များ အနေဖြင့် အိုဒက်ဆာဒေသ ဆိပ်ကမ်းများကို ဘာလစ်စတစ်ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

အိုဒက်ဆာ ဆိပ်ကမ်းများ တိုက်ခိုက်ခံရမှုအတွင်း တူရကီယဲသင်္ဘောသုံးစီး မီးလောင်ပျက်စီးခဲ့ရသော်လည်း လူထိခိုက်သေဆုံးသူ မရှိခဲ့ကြောင်း သိရသည်။

အိုဒက်ဆာဒေသမှ ပင်လယ်နက်ဆိပ်ကမ်းများသည် ပို့ကုန်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ယူကရိန်းနိုင်ငံ၏ စီးပွားရေးအတွက် အထူးအရေးကြီးသည့် ဆိပ်ကမ်းများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဂါဇာဒေသတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့ကို လာမည့်နှစ်စပိုင်းတွင် စတင်ဖြန့်ကြက်နိုင်ဖွယ်ရှိ



**နယူးယောက် ဒီဇင်ဘာ ၁၃**

ကုလသမဂ္ဂ၏ ခွင့်ပြုချက်ရထားပြီးဖြစ်သည့် ဂါဇာဒေသတည်ငြိမ်ရေးတပ်ဖွဲ့ ဖွဲ့စည်းရေးအတွက် လာမည့်နှစ် ဇန်နဝါရီလအတွင်း ဂါဇာဒေသ၌ နိုင်ငံတကာတပ်များ စတင် ဖြန့်ကြက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သို့ရာတွင် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုကို မည်သို့မည်ပုံ လက်နက် ဖြုတ်သိမ်းမည်ကို အမေရိကန် တာဝန်ရှိသူများက ထုတ်ဖော် ပြောကြားခြင်းမရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နှစ်နှစ်နီးပါးကြာ ဂါဇာပဋိပက္ခ အဆုံးသတ်ရေးအတွက် အချက် ၂၀ ပါ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်ကိုကြေညာထားရာ ၎င်းအစီအစဉ်၌ ဂါဇာဒေသတည်ငြိမ်မှု ထိန်းသိမ်းရေး နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရန်နှင့် ဟားမတ်စ်အုပ်စုကို လက်နက် ဖြုတ်သိမ်းရန်လည်း အဆိုပြုထားသည်။

ဂါဇာဒေသတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရေးအတွက် နိုင်ငံတကာတပ်များကို လာမည့်နှစ်အစောပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသ၌ စတင်ဖြန့်ကြက်နိုင်ရန် အမေရိကန်အစိုးရက ရည်ရွယ်ထားကြောင်း အစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ဂါဇာဒေသတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရေးအတွက် အမေရိကန်တပ်မတော်မှ တာဝန်ရှိသူများသည် မိတ်ဖက်နိုင်ငံ ၁၆ နိုင်ငံမှ တာဝန်ရှိသူများနှင့် ကာတာနိုင်ငံ ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဂါဇာဒေသတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့သည် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုကို စစ်ရေးအရ တိုက်ခိုက်မည် မဟုတ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## MAVEN အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်နှင့် နာဆာ အဆက်အသွယ်ပြတ်တောက်နေ



**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် MAVEN အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်နှင့် အဆက်အသွယ်ပြတ်တောက်နေကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်္ဂါဂြိုဟ်လေထုလွှာလေ့လာရေး အာကာသယာဉ်ဖြစ်သည့် MAVEN အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို လက်ရှိလှည့်ပတ်နေသော နာဆာအာကာသယာဉ် သုံးစင်းအနက် တစ်စင်းဖြစ်သည်။

MAVEN အာကာသယာဉ်နှင့် အဆက်အသွယ် ပြတ်တောက်မှုသည် အင်္ဂါဂြိုဟ်နောက်ဘက်ပိုင်းကို အာကာသယာဉ်ရောက်ရှိနေစဉ် ဖြစ်ပွားတတ်သည့် ယာယီအဆက်အသွယ်ပြတ်တောက်မှုမျိုးဖြစ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် နာဆာကျွမ်းကျင်သူများသည် MAVEN အင်္ဂါဂြိုဟ်လေထုလွှာလေ့လာရေး အာကာသယာဉ်နှင့် အဆက်အသွယ်ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

နာဆာအဖွဲ့သည် MAVEN အာကာသယာဉ်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် အက်တလပ်စ်-၅ ဒုံးပျံဖြင့်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Ref : Sputnik News

Trs : KKO

## ချင်ကျိုးမျိုးဆက်သစ်အာကာသ ကုန်တင်ယာဉ်သစ်ကို ၂၀၂၆ ခုနှစ်အတွင်း စမ်းသပ်လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီ စီစဉ်

**ပေကျင်း ဒီဇင်ဘာ ၁၃**

ချင်ကျိုး(အလင်းရောင်ယာဉ်) အမည်ရှိ မျိုးဆက်သစ်အာကာသ ကုန်တင်ယာဉ်သစ်ကို ၂၀၂၆ ခုနှစ်အတွင်း ပထမဆုံးအကြိမ်စမ်းသပ်လွှတ်တင်ရန် တရုတ်အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

နည်းပညာအသစ်အဆန်းများ ထည့်သွင်းထားသော ချင်ကျိုး အာကာသ လူသယ်ယာဉ်သစ်ကို တရုတ်သိပ္ပံအကယ်ဒမီမှ ကျွမ်းကျင်သူများက တည်ဆောက်ထားခြင်းဖြစ်သည်။

ချင်ကျိုးအာကာသကုန်တင်ယာဉ်သစ်သည် အလေးချိန်ငါးတန်ရှိပြီး ယာဉ်အတွင်းပိုင်းအကျယ်အဝန်းစုစုပေါင်းမှာ ၂၇ ကုဗမီတာရှိကြောင်း သိရသည်။



တီယန်ကောင်း အာကာသစခန်းလုပ်ငန်း ကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးအတွက် ချင်ကျိုး အာကာသ ကုန်တင်ယာဉ်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် တီယန်ကောင်းအာကာသစခန်း လုပ်ငန်းများအတွက် ကွီကျိုးအမျိုးအစား အာကာသကုန်တင်ယာဉ်များကို အသုံးပြုလျက်ရှိသည်။

လက်ရှိတွင် တီယန်ကောင်း အာကာသစခန်းပေါ်သို့ ကုန်စည်တင်ပို့မည်ဆိုပါက တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ ၁၀၀၀၀၀(အမေရိကန်ဒေါ်လာ ၁၄၁၃၄)ထိ ကျသင့်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## လီကျီယန်-၁ ဒုံးပျံဖြင့် ဂြိုဟ်တု သုံးစင်းအပါအဝင် ဂြိုဟ်တု ကိုးစင်းကို CAS Space အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၁၃**

တရုတ်နိုင်ငံအခြေစိုက် CAS Space အာကာသနည်းပညာ ကုမ္ပဏီသည် ကမ္ဘာ့နိုင်ငံ သုံးနိုင်ငံတို့မှ ဂြိုဟ်တု သုံးစင်းအပါအဝင် ဂြိုဟ်တု ကိုးစင်းကို လီကျီယန်-၁ အမည်ရှိ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဂြိုဟ်တု ကိုးစင်း သယ်ဆောင်ထားသည့် လီကျီယန်- ၁ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွန် ဂြိုဟ်တုလွှတ်တင်ရေးစခန်းအနီး တုန်ဖန်းအာကာစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမကြာမီတွင် လီကျီယန်-၁ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း CAP Space ကုမ္ပဏီက စီစဉ်ထားသည်။

လီကျီယန်-၁ ဒုံးပျံသယ်ဆောင်သွားသည့် ဂြိုဟ်တု ကိုးစင်းအနက် သုံးစင်းမှာ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ အီဂျစ်၊ နီပေါနိုင်ငံတို့မှ ဂြိုဟ်တုများဖြစ်ကြသည်။

CAS Space ကုမ္ပဏီသည် လီကျီယန်-၁ ဒုံးပျံလွှတ်တင်ရေး မစ်ရှင်အပါအဝင် နိုင်ငံတကာနှင့် ပြည်တွင်းဖောက်သည်အဖွဲ့အစည်း ၃၂ ခုတို့အတွက် ဂြိုဟ်တုများ လွှတ်တင်ပေးနိုင်ခဲ့ ခြင်းဖြစ်သည်။

လီကျီယန်-၁ ဒုံးပျံလွှတ်တင်ရေးမစ်ရှင်တွင် လီကျီယန်-၁ ဒုံးပျံသည် တရုတ်နိုင်ငံ၏ ပထမဆုံး စွမ်းအင်ကမ္ဘာ စောင့်ကြည့်ရေး ဂြိုဟ်တုဖြစ်သည့် ကျိုရှန်း 07 D 01 အမည်ရှိ ဂြိုဟ်တုကိုလည်း သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သားအိမ်အလုံးတည်မှုက အမျိုးသမီးများကြား နှလုံးရောဂါဖြစ်နိုင်ခြေရှိမှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**နယူးယောက် ဒီဇင်ဘာ ၁၃**

သားအိမ်အလုံးတည်မှု(Uterine Fibroids) သည် အမျိုးသမီးများကြား နှလုံးရောဂါဖြစ်နိုင်ခြေရှိမှု၏ ရှေ့ပြေးလက္ခဏာတစ်ရပ်ဖြစ်နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Fibroids အဖုအကျိတ်လုံးများသည် သားအိမ်နံရံကြွက်သားတစ်ရှူးများ၌ ပေါ်ထွက်လာတတ်သော ကင်ဆာအဖုအကျိတ်မဟုတ်သည့် အဖုအကျိတ်လုံးများဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါသားအိမ်အလုံးတည်မှုပြဿနာရှိနေသည့် အမျိုးသမီးများသည် ၎င်းပြဿနာမရှိသူများနှင့်နှိုင်းယှဉ်ပါက နှလုံးရောဂါများဖြစ်နိုင်ခြေ ၈၀ ရာခိုင်နှုန်း ပို၍မြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သားအိမ်အလုံးတည်မှုသည် အမျိုးသမီးများကြား နှလုံးရောဂါများဖြစ်ပွားနိုင်မှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် သားအိမ်အလုံးတည်မှုပြဿနာရှိနေသည့် အမျိုးသမီး ၄၅၀၀၀၀ ကျော်တို့၏ အချက်အလက်များကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

## အနက်ရောင်ချောကလက်စားသုံးမှုက ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချပေးနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၃**

အနက်ရောင် ချောကလက်စားသုံးမှုသည် ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အနက်ရောင်ချောကလက်များတွင် အပင်များက သဘာဝအလျောက်ထုတ်ပေးသည့် သီအိုဘရိုမိုင်း(theobromine) ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး ကြွယ်ဝကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သီအိုဘရိုမိုင်းဓာတုဒြပ်ပေါင်းသည် ဇီဝသက်တမ်းအိုမင်းမှုအရှိန်ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ခါးသက်သည့်အရသာကိုပေးသော သီအိုဘရိုမိုင်းဓာတုဒြပ်ပေါင်းကို ကိုကိုးပါဝင်မှုမြင့်မားသော အနက်ရောင်ချောကလက်များထဲတွင် အဓိကတွေ့ရတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ၆၀ ဝန်းကျင်အရွယ် လူဦးရေ ၁၆၆၀ ကျော်တို့ကိုလေ့လာခဲ့ရာ စမ်းသပ်မှုတွင် ပါဝင်သူများအနက် သွေးအတွင်း သီအိုဘရိုမိုင်း ဓာတုဒြပ်ပေါင်းပါဝင်မှုအဆင့် မြင့်မားသူများ၏ ဇီဝသက်တမ်းမှာ နှစ်ကာလကို အခြေခံသည့် ဘဝသက်တမ်းထက် ပို၍နုပျိုနေကြောင်း ဖော်ထုတ်တွေ့ရှိထားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များက ဆုတံဆိပ်များ ထပ်မံဆွတ်ခူးခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၇)နေရာတွင် ဆက်လက်ရပ်တည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့များက ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဆုတံဆိပ်များ ထပ်မံဆွတ်ခူးခဲ့ကြပြီး နိုင်ငံအလိုက် အဆင့်(၇) နေရာတွင် ဆက်လက်ရပ်တည် လျက်ရှိကြောင်း သိရသည်။




ယနေ့ကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ပြီး ကြေးတံဆိပ်၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ကြေးတံဆိပ်၊ အမျိုးသမီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကြေးတံဆိပ်၊ Teq Ball ပြိုင်ပွဲ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်၊ ဂျူဒိုအားကစားနည်း ၇၈ ကီလိုတန်း ပြိုင်ပွဲတွင် ငွေတံဆိပ်၊ ဘိလိယက်နှင့် စနူကာ အားကစားနည်း စနူကာအသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်တို့ကို အသီးသီးဆွတ်ခူးခဲ့ကြသည်။

အခြားပြိုင်ပွဲများအဖြစ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှား အသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး မွေထိုင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေရာမာန်နှင့် ဗီယက်နမ်မှ ကစားသမားတို့ ထိုးသတ်ခဲ့ရာ ရွှေရာမာန်က ဒိုင်အမှတ်ဖြင့်လည်းကောင်း၊ စိန်လုံးချောနှင့် ဗီယက်နမ်မှကစားသမားတို့ ထိုးသတ်ခဲ့ရာ စိန်လုံးချောက ဒိုင်အမှတ်ဖြင့်လည်းကောင်း၊ သားချောလှနှင့် လာအိုကစားသမားတို့ ထိုးသတ်ခဲ့ရာ သားချောလှက ဒိုင်အမှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် မေသင်ဇာဦးနှင့် ထိုင်းကစားသမားတို့ထိုးသတ်ခဲ့ရာ ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း အသီးသီးရှုံးနိမ့်ခဲ့ကြပြီး စောခိုင်ရဲလင်းသည် ပြိုင်ဘက် ဗီယက်နမ်ကစားသမား လာရောက်ယှဉ်ပြိုင်ခြင်း မရှိသည့်အတွက် အနိုင်ရခဲ့သည်။

အလားတူ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက သုံးပွဲပြတ်၊ အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ၁၁၄ မှတ် ၃၅ မှတ်ဖြင့် အသီးသီးရှုံးနိမ့်ခဲ့ကြသည်။

ဆီးဂိမ်းပြိုင်ပွဲ ယနေ့ပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၆ ခု စုစုပေါင်း ဆုတံဆိပ် ၃၀ ဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာ၌ ဆက်လက် ရပ်တည်နေကြောင်း သိရသည်။ **STA**

## ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၃-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၉၅ | ၆၀ | ၃၉ | ၁၉၄ |
| ၂ | အင်ဒိုနီးရှား | ၃၁ | ၄၃ | ၃၆ | ၁၁၀ |
| ၃ | ဗီယက်နမ် | ၃၀ | ၂၉ | ၅၄ | ၁၁၃ |
| ၄ | စင်ကာပူ | ၁၉ | ၁၉ | ၂၅ | ၆၃ |
| ၅ | မလေးရှား | ၁၆ | ၁၅ | ၄၈ | ၇၉ |
| ၆ | ဖိလစ်ပိုင် | ၁၅ | ၂၃ | ၅၂ | ၉၀ |
| ၇ | မြန်မာ | ၂ | ၁၂ | ၁၆ | ၃၀ |
| ၈ | လာအို | ၂ | ၃ | ၁၃ | ၁၈ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၄ | ၅ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

# အမ်ဘက်ပီအပါအဝင် ကစားသမား ၁၂ ဦးထိ အလာဗက်အသင်းနှင့် ပွဲစဉ်တွင် မပါဝင်နိုင်ကြောင်း ရီးရဲလ်မက်ဒရစ်နည်းပြ အလွန်ဆို ပြောကြား

**မက်ဒရစ် ဒီဇင်ဘာ ၁၃**

တိုက်စစ်မှူး အမ်ဘက်ပီသည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် အသင်း၏လေ့ကျင့်ရေး အစီအစဉ်တွင် ပြန်လည်ပါဝင်လာသော်လည်း အလာဗက်အသင်းနှင့် ပွဲစဉ်တွင် ၎င်းအပါအဝင် ကစားသမား ၁၂ ဦးထိ ပါဝင်နိုင်မည် မဟုတ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အလွန်ဆိုက ပြောကြားခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမ်ဘက်ပီသည် ဒီဇင်ဘာ ၈ ရက်က ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပွဲချိန်ပြည့် ပါဝင်ကစားခဲ့ကာ ပြိုင်ပွဲပြီးဆုံးချိန်တွင် ဒူးဒဏ်ရာရခဲ့သဖြင့် မန်စီးတီးအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်ခဲ့သည်။

လက်ရှိတွင် ကစားသမားအနေဖြင့် ဒဏ်ရာသက်သာလာခဲ့ပြီး လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့သော်လည်း ကြံ့ခိုင်မှု လိုအပ်ချက်ကြောင့် အလာဗက်အသင်းနှင့် အမှတ်ပေးပွဲစဉ်ကို ပါဝင်မည် မဟုတ်ကြောင်း သိရသည်။

ထို့ပြင် ၎င်းနှင့်အတူ အဓိက ကစားသမားများဖြစ်သည့်အာနီး၊ ကာဗာဂျယ်၊ မန်ဒီ၊ အလာဘာ၊ မီလီတာအိုတို့သည် ဒဏ်ရာကြောင့်လည်းကောင်း၊ ကာရီးရက်စ်နှင့် ဂါစီယာတို့သည် ပွဲပယ်ပြစ်ဒဏ်ကြောင့်လည်းကောင်း ပါဝင်မည် မဟုတ်ဘဲ ဗယ်ဗာဒီ၊ ဟူဂျီဆန်၊ ကာမာဗင်ဂါ၊ ဂါစီယာတို့လည်း ပါဝင်ရန်မသေချာကြောင်း နည်းပြ အလွန်ဆိုက ပြောကြားခဲ့သည်။

နည်းပြအလွန်ဆိုသည် နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲ ငါးပွဲတွင် တစ်ပွဲသာ အနိုင်ရခဲ့သဖြင့် ဖိအားအောက် ရောက်ခဲ့ပြီး ပြိုင်ဘက် ဘာစီလိုနာအသင်းနှင့် ရမှတ် လေးမှတ်ကွာဟနေသောကြောင့် လာမည့်အလာဗက်အသင်းနှင့်ပွဲစဉ်ကို အနိုင်ရရန် လိုအပ်နေကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**



# လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆုအတွက် ဘီဗိုလ်နှင့် မကျေပွဲထိုးသတ်လိုကြောင်း ဘီတာဘီယက်ဖ် ပြောကြား

**မော်စကို ဒီဇင်ဘာ ၁၃**

လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ပိုင်ဆိုင်ထားသူ ဘီဗိုလ်နှင့်မကျေပွဲထိုးသတ်လိုကြောင်း ဘီတာဘီယက်ဖ်က ပြောကြားခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား လက်ဝှေ့သမားများဖြစ်ကြသည့် ဘီဗိုလ်နှင့် ဘီတာဘီယက်ဖ်တို့သည် လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆု အတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပထမဆုံးအကြိမ် ထိုးသတ်ခဲ့ကြပြီး ဘီတာဘီယက်ဖ်က ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သည်။

မကျေပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ထိုးသတ်ခဲ့ရာ ဘီဗိုလ်က ဒိုင်အမှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

ဘီတာဘီယက်ဖ်က မပြတ်သားသည့် အနိုင်အရှုံးရလဒ်ကို အဖြေထုတ်လိုသည့်အတွက် တတိယ မြောက်မကျေပွဲစဉ်ကို ထိုးသတ်ရန် စီစဉ်နေခြင်းဖြစ်သည်။

ဘီတာဘီယက်ဖ်က "ကျွန်တော့်အနေနဲ့ ဘီဗိုလ်နဲ့ ပြန်ထိုးသတ်သွားချင်တာ အမှန်ပါပဲ။ ကျွန်တော်တို့ နှစ်ယောက်ကြားက မပြတ်သားတဲ့ အနိုင်အရှုံးရလဒ်ကို အဖြေထုတ်ဖို့ အချိန်တန်ပါပြီ။ သူသာလက်ခံမယ်ဆိုရင် တတိယမြောက် စိန်ခေါ်ပွဲဟာ မကြာခင် ဖြစ်လာတော့မှာပါ။ ကျွန်တော်ပိုင်ဆိုင်ခဲ့ဖူးတဲ့ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လိုချင်တယ်။ လိုက်ဟဲဗီးဝိတ်တန်းမှာ ဘယ်သူက အကောင်းဆုံးလဲ ဆိုတာကို သက်သေပြချင်နေပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ စိန်ခေါ်မှုကို အမြန်ဆုံးလက်ခံပေးပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**

**Trs : AZL**

# ၂၀၂၅ ခုနှစ်တင်းနစ်ရာသီ၏ Fans' Favourite Award ဆုကို ဂျန်နစ်ခ်ဆင်နာ ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၃**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ပရော်ဖက်ရှင်နယ် တင်းနစ်အဖွဲ့ချုပ် ATP က ချီးမြှင့်သည့် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွက် Fans' Favourite Award ဆုကို အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာက ဆွတ်ခူးခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၂)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သည့် ဂျန်နစ်ခ်ဆင်နာသည် Fans' Favourite Award ဆုကို သုံးနှစ်ဆက် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အဆိုပါဆုကို ကမ္ဘာတစ်ဝန်းရှိ တင်းနစ်ပရိသတ်များက မဲပေးရွေးချယ်သည့် ဆုတစ်ဆုဖြစ်ပြီး ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်ကို ကျော်ဖြတ်ကာ ဂျန်နစ်ခ်ဆင်နာက ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ မေ ၄ ရက်ထိ တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် သုံးလ ပွဲပယ်ပြစ်ဒဏ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး မေလတွင်တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်ခွင့်ရခဲ့သည်။

ပွဲပယ်ပြစ်ဒဏ် ကျခံခဲ့ရသည့်ကာလအတွင်း အဓိကပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသော်လည်း ပြိုင်ပွဲပြန်ဝင်ခွင့်ရပြီးနောက် အောင်မြင်မှုများစွာရခဲ့ကာ ကမ္ဘာ့အဆင့်(၁) နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သူဖြစ်သော်လည်း ဩဂုတ်လနောက်ပိုင်း အယ်ကာရက်ဇ်က စွမ်းဆောင်ရည်ကောင်းများ ပြသကာ အောင်မြင်မှုများ ဆက်တိုက်ရခဲ့ပြီးနောက် အယ်ကာရက်ဇ်က ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိခဲ့သည်။

သို့ရာတွင် ၂၀၂၅ ခုနှစ်တွင် ပရိသတ်များ၏ နှစ်သက်အားပေးမှုများစွာရခဲ့သည့် ဂျန်နစ်ခ်ဆင်နာသည် ကမ္ဘာ့အဆင့်(၁)နေရာဖြင့် လွဲချော်ခဲ့ရသော်လည်း ပရိသတ်များ ပေးသည့်မဲများကြောင့်Fans'Favo-urite Award ဆုကို ဆွတ်ခူးခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "ကျွန်တော့်ကို မဲပေးရွေးချယ်ပေးခဲ့ကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ပရိသတ်ပေးတဲ့ ဆုကို တခြားဆုတွေထက် ပိုပြီးတန်ဖိုးထားသလို ကျွန်တော့်အတွက်တော့ ကမ္ဘာကြီးတစ်ခုလိုပါပဲ။ အရမ်းကို အဓိပ္ပာယ်ရှိတဲ့ဆုလဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Tennis World**

**Trs : AZL**

# ဒီဇင်ဘာလ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်း နှစ်ဆင့် မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၅၄)နေရာ၌ ရပ်တည်



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းများ၏ ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက အဆင့် နှစ်ဆင့် မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၅၄)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ အမျိုးသမီးဘောလုံးအသင်းသည် ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ၁၄ ဒသမ ၆၈ မှတ် မြင့်တက်ခဲ့ပြီး စုစုပေါင်းရမှတ် ၁၄၇၁ မှတ်ဖြင့် ကမ္ဘာ့ အဆင့်(၅၄)နေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာလအတွက် ကမ္ဘာ့ အဆင့် သတ်မှတ်ချက်များအရ အာဆီယံဇုန်တွင် ဗီယက်နမ်အသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၃၆)ဖြင့် အာဆီယံအဆင့်(၁)၊ ဖိလစ်ပိုင်အသင်းက နှစ်ဆင့်ကျဆင်းပြီး ကမ္ဘာ့အဆင့်(၄၁)ဖြင့် အာဆီယံအဆင့်(၂)၊ ထိုင်းအသင်းက အပြောင်းအလဲမရှိဘဲ ကမ္ဘာ့အဆင့်(၅၃)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၅၄)ဖြင့် အာဆီယံအဆင့်(၄)၊ မလေးရှားအသင်းက တစ်ဆင့်မြင့်တက်ပြီး ကမ္ဘာ့အဆင့်(၉၁)ဖြင့် အာဆီယံအဆင့်(၅)၊ အင်ဒိုနီးရှားအသင်းက တစ်ဆင့်မြင့်တက်ပြီး ကမ္ဘာ့အဆင့်(၁၀၅)ဖြင့် အာဆီယံအဆင့်(၆)၊ လာအိုအသင်းက တစ်ဆင့်ကျဆင်းပြီး ကမ္ဘာ့အဆင့်(၁၁၄)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက တစ်ဆင့်မြင့်တက်ပြီး ကမ္ဘာ့အဆင့်(၁၁၇)ဖြင့် အာဆီယံအဆင့်(၈)၊ စင်ကာပူအသင်းက သုံးဆင့်ကျဆင်းပြီး ကမ္ဘာ့အဆင့်(၁၅၂)ဖြင့် အာဆီယံအဆင့်(၉)၊ တီမောလက်စ်တေအသင်းက အပြောင်းအလဲမရှိဘဲ ကမ္ဘာ့အဆင့်(၁၅၇)ဖြင့် အာဆီယံအဆင့် (၁၀)နေရာတွင် အသီးသီး ရပ်တည်ခဲ့ကြသော်လည်း ဘရူနိုင်းအသင်းအနေဖြင့် ကမ္ဘာ့အဆင့်ပင် မဝင်ရောက်သေးကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုလအတွင်း ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ဆီးဂိမ်းဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း သိရသည်။ **STA**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ နိုဝင်ဘာလ၏ အကောင်းဆုံးဆုများကို နည်းပြမာရက်စ်ကာနှင့် အီဂေါသီယာဂိုတို့ ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၃**

ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်လတာ အကောင်းဆုံးဆုများကို ချဲလ်ဆီးအသင်းနည်းပြ မာရက်စ်ကာနှင့် ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး အီဂေါသီယာဂိုတို့က ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အီဂေါသီယာဂိုသည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ကလပ်ဘရူဂျက်အသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသထားကာ နိုဝင်ဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်များတွင်လည်း အကောင်းဆုံး ခြေစွမ်းပြသခဲ့သဖြင့် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အီဂေါသီယာဂိုသည် နိုဝင်ဘာလအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် ဘန်လေအသင်းနှင့် ပွဲစဉ်၌ သွင်းဂိုး နှစ်ဂိုး၊ ဘရိုက်တန်အသင်းနှင့်ပွဲစဉ်၌ သွင်းဂိုး တစ်ဂိုး၊ နယူးကာဆယ်အသင်းနှင့် ပွဲစဉ်၌ သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီး တစ်လအတွင်း လေးပွဲကစားခဲ့ရာ တစ်ပွဲသာ ဂိုးမသွင်းယူနိုင်ခဲ့ဘဲ သွင်းဂိုး ငါးဂိုးထိ သွင်းယူခဲ့ပြီးနောက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့သည့် ပြိုင်ဘက်အသင်း ကစားသမားများကို ကျော်ဖြတ်ကာ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ နည်းပြမာရက်စ်ကာသည်လည်း နိုဝင်ဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်များတွင် စပါးအသင်း၊ ဝုဗ်အသင်း၊ ဘန်လေအသင်းတို့နှင့် ပွဲစဉ်များ၌ အနိုင်ရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင်လည်း ကစားသမားတစ်ယောက်လျော့ဖြင့် သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ တစ်လအတွင်း လေးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရှုံးပွဲမရှိ စွမ်းဆောင်နိုင်ခဲ့ပြီးနောက် တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ နိုဝင်ဘာလ၏ တစ်လတာအကောင်းဆုံး နည်းပြဆုကို လမ်းပတ် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၃**

အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲ၏ နိုဝင်ဘာလ၏ တစ်လတာ အကောင်းဆုံး နည်းပြဆုကို ကိုဗင်ထရီ အသင်းနည်းပြ လမ်းပတ်က ဆွတ်ခူးခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုဗင်ထရီအသင်းသည် နိုဝင်ဘာလအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် ရလဒ်များ ကောင်းမွန်ခဲ့ပြီး ငါးပွဲကစားခဲ့ရာ ငါးပွဲလုံး အနိုင်ရခဲ့ပြီးနောက် နည်းပြလမ်းပတ် အနေဖြင့် နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




နည်းပြ လမ်းပတ်သည် အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲ၏ နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆန်ခါတင်နည်းပြစာရင်းတွင် ပါဝင်ခဲ့သည့် ဘာမင်ဂမ်အသင်းနည်းပြ ခရစ်ဒါဗီးလ်၊ ဆောက်သမ်တန်အသင်းနည်းပြ အက်ကတ်၊ ဒါဘီအသင်းနည်းပြ ဝှမ်အူစတင့်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲ၏ တစ်လတာ အကောင်းဆုံးကစားသမားဆုကိုလည်း ကိုဗင်ထရီအသင်းနှင့်အတူ နိုဝင်ဘာလအတွင်း ကစားခဲ့သည့်ပွဲစဉ်များ၌ အကောင်းဆုံး ခြေစွမ်းပြသခဲ့သည့် တိုက်စစ်ကစားသမား အဲလစ်ဆမ်းက ဆွတ်ခူးခဲ့သည်။

နည်းပြလမ်းပတ်သည် ပြီးခဲ့သည့် အောက်တိုဘာလကလည်း အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး နည်းပြဆုကိုဆွတ်ခူးခဲ့သည့်အတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို နှစ်ကြိမ်ဆက်ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ချာကာရာ ဦးဆောင်

**ကိပ်တောင်း ဒီဇင်ဘာ ၁၃**

တောင်အာဖရိက နိုင်ငံတွင် ကျင်းပနေသည့် Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက် ကစားသမား ချာကာရာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဂျေဒင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ ဒုတိယနေရာတွင်ရပ်တည်နေပြီး တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားဂရေ့စ်နှင့် အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ပါရီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ချာကာရာသည် ပထမနေ့တွင် အကောင်းဆုံးကစားခဲ့ပြီး ဒုတိယနေ့တွင်လည်း ပထမနေ့၏ စွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ချာကာရာက "အကောင်းဆုံး ကစားနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ဒီထက်ပိုကောင်းအောင် ကစားနိုင်တယ်လို့လဲ ယုံကြည်တယ်။ ဂေါက်ကွင်းရဲ့အနေအထားက အကောင်းဆုံးပုံစံနဲ့ မကစားနိုင်ရင် လွယ်ကူစွာနဲ့ ရလဒ်တွေဆိုးရွားသွားနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် နည်းနည်းလေးမှ အမှားခံလို့မရတဲ့ အခြေအနေလဲဖြစ်ပါတယ်။ အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်မယ်ဆိုရင်လဲ ချန်ပီယံဆုကို မျှော်လင့်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်တိုင်းက ချန်ပီယံဆုကို မျှော်လင့်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့လဲ နောက်ဆုံးနေ့ထိ အကောင်းဆုံးကစားနိုင်အောင်လဲ ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**




## အားကစားသတင်းအတိုအထွာများ

- ဟီဒန်ဟိမ်းအသင်းတွင် အငှားသွားရောက် ကစားနေသည့် အသက် ၂၄ နှစ်ရှိ ဒေါ့မွန်အသင်းဂိုးသမား ရာမဲ့ဂျ်ကို အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- လာဇီယိုအသင်းက တိုက်စစ်မှူး ကက်စတယ်လီနို့စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၂ သန်းဖြင့် ဝက်စ်ဟမ်းအသင်းသို့ ရောင်းချရန်ဆုံးဖြတ်ထားပြီး ၎င်းနေရာတွင် အေတီကိုအသင်းတိုက်စစ်မှူး ရက်စ်ပါဒိုရီနှင့် အစားထိုးမည်ဖြစ်ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမားဟောင်း အော်စကာက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက မိခင်ကလပ် ဆော်ပေါ်လိုအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ လက်ရှိတွင် နှလုံးရောဂါဝေဒနာကြောင့် ကစားသမားဘဝမှ အနားယူရမည် ဖြစ်ကြောင်း သိရသည်။

**ML**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက မြို့တော်ကာကွယ်ရေးအတွက် ပြည်တွင်းထုတ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကိုရွေးချယ်ခဲ့



အိန္ဒိယနိုင်ငံသည် နိုင်ငံ၏မြို့တော်ဧရိယာကို လေကြောင်းရန်ကာကွယ်ရေး ခိုင်မာအားကောင်းစေရန်အတွက် ပြည်တွင်းထုတ် ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်(IADWS)ကို ရွေးချယ်ဝယ်ယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်မှုသည် အလွှာပေါင်းစုံပါဝင်သည့် ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်(IADWS)ကို ဩဂုတ်လတွင် ပထမဆုံးအကြိမ် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။

ကာလကြာမြင့်စွာ စီမံကိန်းရေးဆွဲခဲ့သောထိုပရောဂျက်၏ တိုးတက်မှုသတင်းသည် မေလကဖြစ်ပွားခဲ့သည့် အိန္ဒိယ-ပါကစ္စတန် ပဋိပက္ခနောက်ခံအခင်းအကျင်းတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ပါကစ္စတန်နိုင်ငံမှ Fatah-II ပဲ့ထိန်းအမြောက်ကျည်(guided rocket artillery projectile) တစ်စင်းကို ဒေလီမြို့မှ ခန့်မှန်းခြေ ကီလိုမီတာ ၂၅၀ (၁၅၅ မိုင်) အကွာတွင် IADWS လက်နက်စနစ်ဖြင့် ကြားဖြတ်ဟန့်တားနိုင်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့(DRDO)က တီထွင်ထုတ်လုပ်ထားသည့် အဆိုပါလက်နက်စနစ်သည် ပြည်တွင်းထုတ် မြန်နှုန်းမြင့်တုံ့ပြန်တိုက်ပွဲဝင်နိုင်သော မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ(QRSAM)၊ အဆင့်မြင့် တာနီးပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်(VSHORADS) နှင့် စွမ်းအားမြင့် လေဆာအခြေပြု တိုက်ရိုက်စွမ်းအင်သုံးလက်နက်စနစ်(DEW)တို့ကို ပေါင်းစည်းထားခြင်းဖြစ်သည်။

၎င်း၏စစ်ဆင်ရေးများကို ကာကွယ်ရေး သုတေသနနှင့်ဖွံ့ဖြိုးရေးဓာတ်ခွဲခန်း(DRDL)ကတီထွင်ထားသော ဗဟိုထိန်းချုပ်ကွပ်ကဲရေးဌာနချုပ်မှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ခြင်းမျိုးဖြစ်သည်။ QRSAM သည် အကွာအဝေး ကီလိုမီတာ ၁၂၀ (၇၅ မိုင်)ထိ ပစ်မှတ်များကိုစောင့်ကြည့်နိုင်စွမ်းရှိပြီး အကွာအဝေးကီလိုမီတာ ၈၀ (မိုင် ၅၀)ထိ ပစ်မှတ်ခြေရာခံထိန်းကျောင်းခြင်းကိုလုပ်ဆောင်နိုင်ကာ ကီလိုမီတာ ၃၀ (မိုင် ၁၉)ထိ ချဉ်းကပ်လာသော ပစ်မှတ်များအနက်မှ ပစ်မှတ် ခြောက်ခုထိတစ်ပြိုင်နက်တည်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဤဒုံးကျည်သည် ရေဒီယိုကြိမ်နှုန်းအာရုံခံစနစ်တပ်ဆင်ထားပြီး Jamming ပြုလုပ်ခြင်းကို ခံနိုင်ရည်ရှိစေရန် အဆင့်မြင့်အီလက်ထရွန်နစ် တန်ပြန်တိုက်ခိုက်မှု ကာကွယ်ရေးစနစ်များ ပါဝင်သည်။

တစ်ချိန်တည်းမှာပင် သယ်ဆောင်ရလွယ်ကူသော VSHORADS လက်နက်စနစ်များကို အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်၊ ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းတွင် ထိရောက်အကွာအဝေး ခြောက်ကီလိုမီတာ (၃ ဒသမ ၇၂) မိုင်ခန့်ရှိပြီး အများဆုံးအမြင့်မှာ ခန့်မှန်းခြေအားဖြင့် သုံးကီလိုမီတာ (၁ ဒသမ ၈၆ မိုင်) ရှိသည်။ ယခုနှစ်အစောပိုင်းတွင် DRDO သည် မောင်းသူမဲ့လေယာဉ်များနှင့် တောင်ပံပုံသေတပ်အသေးစားလေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးစေရန် တီထွင်ထုတ်လုပ်ထားသည့် ၎င်း၏ Mk-II (A) DEW တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်စနစ်ကိုလည်း စမ်းသပ်နိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါအဖွဲ့အစည်းသည် Surya ဟုခေါ်သော ကီလိုဝပ် ၃၀၀ လေဆာလက်နက်စနစ်ကိုလည်း ဆက်လက်တိုးတက်လုပ်ဆောင်နေပြီး လာမည့် ၂၀၂၇ ခုနှစ်တွင် သရုပ်ပြစမ်းသပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**India Bets on Home-Grown Air Defense System Over NASAMS** ကို ဘာသာပြန်ဆိုထားပါသည်။

## လတ်ဗီးယားနိုင်ငံက ဆွီဒင်ထုတ် Giraffe 1X ရေဒါသစ်များဖြင့် လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို အားဖြည့်ခဲ့

လတ်ဗီးယားနိုင်ငံသည် ဆွီဒင်ထုတ် Giraffe 1X ရေဒါသစ်များဖြင့် လေကြောင်းခြိမ်းခြောက်မှုများကို ထောက်လှမ်းခြေရာခံနိုင်စွမ်း ခိုင်မာအားကောင်းစေရန် လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်ကို အားဖြည့်ခဲ့ခြင်းဖြစ်ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီထုတ် Giraffe 1X ရေဒါသည် လတ်ဗီးယားလက်နက်ကိုင်တပ်ဖွဲ့များတွင် အသုံးပြုနေနှင့်ပြီးဖြစ်ကာ လေတပ်အနေဖြင့် Baltic Zenith 2023 စစ်ရေးလေ့ကျင့်မှုများအတွင်း စတင်အသုံးပြုခဲ့ခြင်းလည်းဖြစ်သည်။ လတ်ဗီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် Giraffe 1X ရေဒါစနစ်များအတွက် နောက်ထပ်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သေးသည်။

"ကျွန်တော်တို့ ဒီနေ့ ထပ်မံလက်ခံရရှိတဲ့ Giraffe 1X ရေဒါတွေက လေပိုင်နက် ခြိမ်းခြောက်မှုတွေကို အချိန်မီဖော်ထုတ်၊ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းကို သိသိသာသာ အားကောင်းစေပါတယ်။ ရေဒါတွေဟာ ခေတ်မီတယ်။ ယုံကြည်စိတ်ချရပြီး လတ်ဗီးယားနဲ့ မဟာမိတ်တွေ ပူးပေါင်းလုပ်ဆောင်တဲ့စစ်ရေးလေ့ကျင့်မှုတွေမှာ တိုက်ပွဲဝင်ထိရောက်မှုကို သက်သေပြပြီးသားပါ။ ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီမှာရှိတဲ့ ကျွန်တော်တို့ရဲ့ မိတ်ဖက်တွေကို သူတို့ရဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ပါတယ်။ ဒီစွမ်းရည်တွေဟာ ကျွန်တော်တို့နိုင်ငံ ဒေသတစ်ခုလုံးရဲ့ လုံခြုံရေးကို မြှင့်တင်ရာမှာ အရေးပါတဲ့ အထောက်အကူဖြစ်ပါတယ်"ဟု လတ်ဗီးယားကာကွယ်ရေးဝန်ကြီး Andris Spruds က ပြောကြားခဲ့သည်။



ဤမိုဘိုင်းရေဒါစနစ် Giraffe 1X သည် ချဉ်းကပ်လာသော ဒုံးကျည်များ၊ ရန်သူ့ဒရုန်းများ၊ ရော့ကတ်ဒုံးပျံများနှင့် မော်တာကျည်များကို အကွာအဝေးတော်တော်များများမှဖော်ထုတ်သိရှိနိုင်ပြီး အရည်အသွေးမြင့် ပစ်မှတ်ရှာဖွေရေးအချက်အလက်များကို ထိန်းချုပ်ကွပ်ကဲရေးစနစ်များနှင့် မျှဝေပေးပို့နိုင်မည်ဖြစ်သည်။ ၎င်းသည် ပစ်မှတ်များကို အကွာအဝေး ကီလိုမီတာ ၄၀၀ (၂၄၈ မိုင်) ထိ ထောက်လှမ်းနိုင်သည်။ အလေးချိန် ကီလိုဂရမ် ၁၅၀ (ပေါင် ၃၃၀) အောက်သာရှိသော အဆိုပါပေါ့ပါးသည့် 3D အာရုံခံကိရိယာ (sensor) Giraffe 1X ရေဒါစနစ်သည် လျင်မြန်စွာတိုက်ပွဲဝင် ဖြန့်ကြက်နိုင်မည်ဖြစ်သည်။ ၎င်းကို ယာဉ်များပေါ်တွင် တပ်ဆင်နိုင်သည်၊ သင်္ဘောများပေါ်တွင် တပ်ဆင်နိုင်သည် သို့မဟုတ် ပုံသေအခြေစိုက်နေရာများတွင် တပ်ဖြန့်အသုံးပြုနိုင်သည်။ ယာဉ်တင်ဖွဲ့စည်းပုံကို တပ်ဖွဲ့ဝင် နှစ်ဦးတည်းဖြင့် ၁၀ မိနစ်အောက်အတွင်း တပ်ဆင်နိုင်ပြီး ငါးမိနစ်အောက်အတွင်း ပြန်လည်တပ်ရုပ်နိုင်သည်။ ထို့ပြင် ၎င်းကို C-130၊ A400M နှင့် C-17 သယ်ယူပို့ဆောင်လေယာဉ်များပေါ်တွင် လွယ်ကူစွာတင်ဆောင်၍ သယ်ယူပို့ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး စံနှုန်းမီ ကွန်တိန်နာကိုင်တွယ်ရေးစနစ်များကိုအသုံးပြု၍ ရွှေ့ပြောင်းနေရာချထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Latvia Bolsters Air Defense Network With New Giraffe Radars From Sweden** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

## ပန်းရန့်တို့ကိုသယ်ဆောင်လာသောလေပြည်ညင်း Collector's Show ပန်းချီပြပွဲကို ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ကျင်းပပြုလုပ်လျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပန်းရနံ့တို့ကို သယ်ဆောင်လာသော လေပြည်ညင်း Collector's Show ပန်းချီပြပွဲကို ယနေ့မှစတင်ကျင်းပလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီ မင်းဦးထံမှ သိရသည်။

ပန်းရနံ့တို့ကို သယ်ဆောင်လာသော လေပြည်ညင်း Collector's Show ပန်းချီပြပွဲတွင် ပန်းချီ တင်မောင်ဦး၊ မိုးကျော်၊ လူမော်၊ မာလာ၊ ချမ်းငြိမ်းကျော်၊ ဟန်တင်ဆွေ၊ ငြိမ်းချမ်းဆု၊ အေးမြင့်၊ ရာဟုလာ၊ လှဟန်၊ လူတင်၊ အိတ်ချ်အိုင်ဝင်း၊ စိုးနိုင်၊ ထွန်းနိုင်၊ သစ်လွင်၊ ကျော်နိုင်၊ နုနု၊ ထွန်းထွန်းဦး၊ ဇော်ဇော်၊ မင်းဦး၊ မြင့်လွင်၊ စိုးဝင်းအောင်၊ သိန်းဝင်းတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ် ပန်းအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားချပ်များကို ယနေ့မှ ဒီဇင်ဘာ ၁၇ ရက်ထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ ပန်းရနံ့တို့ကို သယ်ဆောင်လာသော လေပြည်ညင်းလို့ အမည်ပေးထားတဲ့ Collector's Show ပန်းချီပြပွဲကို ဒီနေ့ကနေ ဒီဇင်ဘာ ၁၇ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသနေပါတယ်။ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီ မင်းဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။ ASH

## သရုပ်ဆောင် စိုးသူ၏ One Man Show At Yangon Social တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် Yangon Social Outdoor Area ၌ ပြုလုပ်မည်




**ရန်ကုန် ဒီဇင်ဘာ ၁၃**

သရုပ်ဆောင် စိုးသူ၏ One Man Show At Yangon Social တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social Outdoor Area (Inya Lake Garden) ၌ ပြုလုပ်မည်ဖြစ်ကြောင်း သရုပ်ဆောင် စိုးသူထံမှ သိရသည်။

အဆိုပါ သရုပ်ဆောင်စိုးသူ၏ One Man Show At Yangon Social တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်၏ သီဆိုဖျော်ဖြေမှုများကို Majesta Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဒီဇင်ဘာရဲ့ ဆောင်းည တစ်ညမှာ ဆောင်းအငွေ့အသက်တွေကို အသက်သွင်းဖို့ ဒီဇင်ဘာ ၂၀ ရက်မှာ Yangon Social Outdoor Area (Inya Lake Garden)မှာ Majesta Music Band နဲ့အတူ တေးသီချင်းကောင်းတွေ ဖျော်ဖြေတင်ဆက်ဖို့ရှိနေပါတယ်။ ဆောင်းနဲ့ အလိုက်ဖက်ဆုံး အချစ်၊ အလွမ်း တေးသီချင်းကောင်းတွေကို နားဆင်ခံစားဖို့ လာရောက်ခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်" ဟု သရုပ်ဆောင် စိုးသူက ပြောပြသည်။ ASH

## အနှစ်ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၉ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အနှစ် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၉ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ အနှစ်ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နေဝင်းထံမှ သိရသည်။

အဆိုပါ အနှစ်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို Angel က ရေးသားထားပြီး ဖြိုးသဥ္ဇာကျော်၊ မင်းကိုစိုး၊ ညာလက်တော်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ကျွန်တော်က ဝဏ္ဏဆိုတဲ့ ဇာတ်ရုပ်နဲ့သရုပ်ဆောင်ထားပါတယ်။ အေးမြတ်သူကတော့ နှင်းဆီဆိုတဲ့ ဇာတ်ရုပ်ကနေ သရုပ်ဆောင်ထားပါတယ်။ နှင်းဆီကို ကျွန်တော့်ဘဝထဲခေါ်လို့မရရင် နှင်းဆီဘဝထဲ ကျွန်တော်လိုက်သွားမှ ရမယ်။ မတူညီတဲ့ အသိုင်းအဝိုင်းနှစ်ခုကြားက ချစ်သူနှစ်ယောက်ဘဝတွေ ဆက်ဖြစ်မလဲဆိုတာ ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက် ကြည့်ရှုအားပေးကြပါအုံး" ဟု သရုပ်ဆောင် နေဝင်းက ပြောပြသည်။

အဆိုပါ အနှစ်ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ညီနန္ဒ၊ ထူးခြား၊ နေနေ၁်၊ အေးမြတ်သူ၊ ရတနာဗို၊ စိုးမိုးကြည်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## တတိယမြောက် 28 Years Later ဇာတ်ကားကို ဆက်လက်ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီ စီစဉ်နေ

**နယူးယောက် ဒီဇင်ဘာ ၁၃**

တတိယမြောက် 28 Years Later ဇာတ်ကားသစ်ကို ဆက်လက်ရိုက်ကူးရန်အတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် ဒုတိယမြောက် 28 Years Later : The Bone Temple ဇာတ်ကားကို ရိုက်ကူးခဲ့ပြီးနောက် တတိယမြောက် 28 Years Later ဇာတ်ကားကို ဆက်လက် ရိုက်ကူးရေးအတွက် စီစဉ်နေခြင်းဖြစ်သည်။

တတိယမြောက် 28 Years Later ဇာတ်ကားတွင် အော်စကာဆုရ ရုပ်ရှင်မင်းသား စီလီယံမာဖီ ပြန်လည်ပါဝင်လာဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် ၎င်းဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ရေးအတွက် မင်းသား စီလီယံမာဖီနှင့် ဆိုနီရုပ်ရှင်ကုမ္ပဏီတို့ကြား ဆွေးနွေးနေပြီး မင်းသား စီလီယံမာဖီသည် မူလ 28 Years Later နှင့် ဒုတိယမြောက် ဇာတ်ကားဖြစ်သည့် 28 Years Later: The Bone Temple ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် 28 Years Later: The Bone Temple ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**






## The Hunger Games: Sunrise on the Reaping ဇာတ်ကား၌ မင်းသား ဂျို့ဟက်ချာဆန်နှင့် မင်းသမီး ဂျင်နီဖာလောရင့်တို့ ပါဝင်မည်ဖြစ်

**နယူးယောက် ဒီဇင်ဘာ ၁၃**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Hunger Games: Sunrise on the Reaping ဇာတ်ကားသစ်တွင် မင်းသား ဂျို့ဟက်ချာဆန်နှင့် မင်းသမီး ဂျင်နီဖာလောရင့်တို့ ပြန်လည် ပါဝင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် ဂျို့ဟက် ချာဆန်နှင့် ဂျင်နီဖာလောရင့်တို့သည် ယခင် Hunger Games ဇာတ်ကားများ၌ ၎င်းတို့သရုပ်ဆောင်ခဲ့ဖူးသော ဇာတ်ကောင်များနေရာတွင် ပြန်လည်သရုပ်ဆောင်မည်ဖြစ်သည်။

The Hunger Games:Sunrise on the Reaping ဇာတ်ကားသည် ဆဋ္ဌမမြောက် Hunger Games ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာမ ဆူဇန်ကောလင်း၏ The Hunger Games:Sunrise on the Reaping ဝတ္ထုကို အခြေခံ၍ ဒါရိုက်တာ ဖရန့်စစ်လောရင့်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် The Hunger Games: Sunrise on the Reaping ဇာတ်ကားကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing meets with officers, other ranks and families of stations under the Yangon Command HQ



Senior General Min Aung Hlaing meets with officers, other ranks and families of stations under the Yangon Command HQ.

**Nay Pyi Taw December 13**

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing met with officers, other ranks and families of stations under the Yangon Command HQ this morning.

Also present at the meeting together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, and the Yangon Command commander.

**Political developments of the country**

In his address, the Senior General said the Tatmadaw has to shoulder the duties of the State in accord with the 2008 Constitution because of vote rigging at the 2020 election. At the initial period of the Tatmadaw's assumption of the responsibilities, demonstrations and armed violence took place to a certain degree, and Yangon Region faced them the most. During that time, Covid-19 pandemic was occurring in the country. The Tatmadaw could solve the problem of disturbances and demonstrations through careful measures, and later, disturbances, and acts of violence decreased. At the time when acts of violence and disturbances were occurring, the country faced hardships when civil servants, including those from education and health sectors, took part in DCS activities, under the outside influence, instigations and threats and coercion, without the ability to clearly differentiate between politics and nation affairs. After 2023, the degree of Covid-19 infection declined, alongside the reduction in the acts of violence and disturbances. But the cyclone Mocha brought destruction to Rakhine State, so, senior military officers were assigned with the duties to carry out rehabilitation and reconstruction at the earliest time, and they could complete the work within six months.

Due to political disagreements and instigations, illegal groups, CRPH and NUG, and their subordinate, the terrorist organization by the name PDF, appeared. EAOs provided them with terrorist training. Instead of solving the political problem through political means, violent methods were applied.

History tells us the anti-internal insurgency operations of Tatmadaw during the independence struggle and early post-independence period. Officers, other ranks and families should read the true historical facts to have knowledge of the Tatmadaw. They will know the reason behind the Tatmadaw's involvement in the national political sector, if they know the history correctly. The Tatmadaw had to safeguard the national sovereignty with all its might when it was threatened by internal armed conflicts that broke out due to political and ethnic disagreements at the early post-independence period. The Tatmadaw has been constantly paying serious attention to "non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty" throughout the successive governments and political systems of the successive periods.

The country adopted a parliamentary system after regaining independence, and later, exercised centralized socialism, which had advantages and disadvantages. Myanmar's adopted system was "Myanmar way to socialism." Resulting from the single party system under the centralized socialism and planned economy, discontent appeared among the people who lost political exit, or economic exit, and favoritism towards party members in the administrative sector had also caused dissatisfaction. In addition, economic sanctions also hurt the national economy. In fact, weakness in materializing the system outweighed the system's weakness. Till now, there are countries achieving success under socialism.

Economy is the core of a country's continued existence. It will be politically strong and will gain development, only if its economy is strong. The national economy was in a downturn under socialism due to weakness in administration, economic sanctions, emergence of a black market, illegal extraction and export of natural resources, and weather irregularities that triggered the 1988 disturbances, which created an unavoidable situation for the Tatmadaw to assume the responsibilities of the State. The Tatmadaw is a part of the nation, and the Tatmadaw members also are a part of the people. Hence, it laid the foundation of the road to multiparty democracy as aspired by the entire public in 1988, and later, took steps towards the multiparty democracy. It held the multiparty democracy election in 2010 and put the country on the road to the said system. In 2011, during the first term of the democracy government under the leadership of U Thein Sein, reforms were made to be aligned with the new system. The Tatmadaw, on its part, worked in harmony with the government.

Although the first democratic government led by President U Thein Sein made every effort, using all available capabilities, to promote national development, there was a lack of full adaptation to democratic practices. In addition, certain organizations engaged in incitement by stirring up sentiments over past events that had occurred in the country. It was learned as a lesson that grievances arising during the period when the socialist system was practised were carried over into the period of democratic governance, with the past and present becoming intertwined and giving rise to opposition activities.

Subsequently, the NLD party won in the 2015 general election and assumed the responsibilities of the State as the second democratic government. While the public had high expectations of them during their tenure, weaknesses in administrative experience and actions opposing some policies of the previous government caused certain economic shortcomings. In the first two years of assuming office, the country received substantial foreign assistance, which strengthened the economy. Later on, the national economy declined due to continued weak management, reliance on foreign aid for economic operation, lack of domestic economic support, absence of local production, and the implementation of foreign advisors' recommendations that did not align with the country's actual conditions. These operational and managerial weaknesses also led to reduced public confidence in the government, causing concerns about whether the NLD could secure victory in the 2020 election. During the election, there were observed instances of electoral irregularities.

Regarding the widespread discrepancies in the voter lists, the Tatmadaw repeatedly informed the relevant government authorities to investigate and take action. However, no resolution was made, and preparations to convene the Hluttaw attempted to seize State power unlawfully. As a result, the Tatmadaw was compelled to declare a state of emergency and assume the responsibilities of the State in accordance with the 2008 Constitution. While carrying out these responsibilities, the country faced numerous challenges, including political unrest and violent actions arising from differences in political views, territorial expansion and profit-seeking by armed ethnic groups, the COVID-19 pandemic, cyclones, floods, and other natural disasters, as well as significant damage caused by the massive Mandalay earthquake. Despite these difficulties and crises, the Tatmadaw undertook efforts to maintain national stability, peace, and development.

*See Page 13*

*From Page 12*

**Everyone needs to strive to hold a free and fair multiparty democratic general election successfully**

As elections are the most important aspect of the democratic system, all necessary preparations have been made to ensure the successful conduct of a multiparty democratic election, including the 2024 population and household census. In the coming weeks, everyone will need to work together to ensure that a free and fair multiparty democratic general election can be successfully held. When casting votes, it is necessary to select individuals who can genuinely act in the best interest of the nation and the regions, who possess political, administrative, economic, security, and rule-of-law perspectives, and who can cooperate closely with the Tatmadaw, which has existed strongly and steadfastly since the achievement of independence. These individuals must also uphold the Our Three Main National Causes, be knowledgeable about the law, and act accordingly. The Tatmadaw is an organization that has loyally served the State and the nation across generations. The Hluttaw is responsible for legislation and, under the 2008 Constitution, must oversee executive, legislative, and judicial powers of the State mutually. It is also necessary to revise or repeal laws that could harm national interests in accordance with the law. Legislators must have legal knowledge to carry out legislative duties properly. Therefore, those intending to compete as Hluttaw candidates must possess an appropriate level of education. It is stipulated that they should have at least completed university entrance-level studies. Practising democracy requires knowledge of the law, and since students completing KG to Grade 12 will reach voting age (18 years), they are eligible to vote. Consequently, legal knowledge is being taught to students currently attending KG–Grade 12.

**Development of the State economy**

Regarding the economy, during the time of the current government, there were economic sanctions, and foreign assistance decreased significantly. In addition, the government had to take measures to repay remaining debts owed to foreign countries. Efforts were also made to increase domestic production and enable exports abroad. In developing production-based industries that rely on agriculture, it is necessary to ensure the accuracy of basic statistical data. The lack of reliable information over time has harmed the nation's economic interests. If agricultural activities achieve their target yield per acre, more agricultural products can be exported, potentially generating an additional approximately US$8 billion in revenue. For national development, all residents of the country must work together, and each individual must genuinely perform their role within their respective sectors.

**Welfare of Tatmadaw personnel and enhancing capabilities**

Benefits for Tatmadaw personnel and government employees have been increased as much as possible. Measures have been taken to provide appropriate benefits including food, shelter and clothing of all Tatmadaw personnel. Each personnel is urged to exercise self-restraints on beverages, pleasure and food that are not beneficial for them. Striking the balance between incomes and spending can enhance welfare and it is necessary to strike incomes and spending and to distinguish between the necessary spending and wasteful spending. The Tatmadaw has taken measures for welfare of personnel and if manageable agriculture and livestock breeding tasks are carried out, this will contribute a lot to welfare. Consistent efforts must be made for striking the balance between incomes and spending.

As the Tatmadaw is a strong institution for national defence, it is necessary to be always fit for fight. As each personnel is required to be fit and healthy, brave and competent, daily tasks must be carried out correctly according to the procedure. All personnel have been systematically trained for necessary warfare according to their ranks and so it is necessary for them to apply military tactics correctly. It is also necessary to handle weapons and equipment skillfully. As for lifestyle, it is important to exercise consciousness and mindfulness and as theTatmadaw is required to possess necessary defense capabilities for the country, the government has provided arms, aircraft and helicopters and warships and individual personnel are required to enhance their capabilities.

**To build better, developed future country**

During the assumption of state duties, we have performed duties by overcoming various hardships and the ultimate objective of holding a multi-party general election successfully will be achieved soon. The government has many tasks to be carried out and it has successfully overcome the first page. After the election, the second page will be opened. And it is necessary for all to cooperate to build a better and more developed country in the future.

Then, the Senior General asked for and attended to the needs of officers, other ranks and families.

Then, the Senior General presented foodstuffs for officers, other ranks and families to the regional command commander and the wife of the Senior General presented cash assistance for the maternal and child welfare association to the wife of the commander.

After the meeting, the Senior General and his wife and party cordially greeted the officers, other ranks and families.

100

# More than 104,000 acres of paddy harvested in Einme Township



Paddy being harvested in a field using machinery.

**Einme December 13**

Local farmers have harvested 104,573 acres of paddy in Einme Township of Ayeyawady Region, said Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

In Einme Township, 143,010 acres of rainfed paddy were cultivated during the monsoon cropping season. Harvesting of these paddy fields began in the second week of October this year, and as of today, a total of 104,573 acres have been fully harvested. The harvested fields produced up to 107.77 baskets per acre.

"We were able to cultivate more than 143,000 acres of monsoon paddy this season, and all the fields have now been harvested. The Department of Agriculture worked in advance to provide the necessary support to ensure smooth cultivation in line with the production targets. Fertilizer and other inputs were also provided in coordination with the relevant departments and organizations. As a result, we were able to complete the harvest without difficulties," said Daw Khin Htay Myint,.

In Einme Township, monsoon paddy cultivation was carried out in full accordance with the production plan through the cooperation of the Department of Agriculture, the Township Administration Body, the Department of Agricultural Mechanization, agricultural companies, farmers' associations, the Irrigation and Water Utilization Management Department, and local residents.

Kyaw Kyaw Lin

# Cambodian evacuees from border conflict with Thailand rise to over 300,000: ministry

**Phnom Penh December 13**

The number of Cambodian evacuees from the ongoing border fighting with Thailand has risen to more than 300,000 as of Friday afternoon, the Cambodian Ministry of Interior said in a press release.

Nearly 90,000 families with over 300,000 people had fled their homes near the Thai border for safe shelters, the press release said.

The Cambodia-Thailand border conflict was still going on as of Friday afternoon, said Cambodian Defense Ministry's Undersecretary of State and Spokesperson Lt. Gen. Maly Socheata.

"At 13:27 p.m., the Thai troops deployed aircraft to bombard Veal Intry area (in Preah Vihear province)," she said in a press briefing.

Socheata added that the Thai army also intensified its artillery shelling and toxic smoke at Prey Chan village in Banteay Meanchey province on Friday afternoon.

Xinhua



Cambodian evacuees gather to register for relief items at a safe zone in Banteay Meanchey province, Cambodia on Dec. 12, 2025.

# Additional 15 buildings used for online scam and gambling operations demolished in KK Park area; computers seized


A two-story residential building illegally constructed in KK Park area (3).
Before demolition. After demolition.

**Nay Pyi Taw December 13**

The Government of Myanmar, through joint teams comprising security force members, administrative organizations, and local authorities, is conducting clearance operations inside illegal buildings in the Shwe Kokko and KK Park areas, where online scam and gambling activities are predominantly based. These operations involve systematically destroying seized assets used in online scam and gambling processes and demolishing the illegal structures.

As part of these ongoing efforts to combat online scam and gambling, authorities today demolished an additional 15 illegal buildings within Section (3) of the Myawady-Maehtawthalay (KK Park) area. These included one three-story building and fourteen two-story buildings that were used to perpetrate online scam and gambling. It is reported that, out of a total of 635 illegal buildings within the KK Park area, 413 have now been systematically demolished.

Furthermore, joint teams—including security forces, administrative bodies, and local officials—have been conducting search and clearance operations since December 8 to prevent illegal foreign nationals from residing and operating online scam and gambling activities in buildings in and around Myawady Township, Kayin State. Today, they were able to inspect another building in Ward (5) of Myawady Town. From this building, they inspected and seized 30 all-in-one computers used for conducting online scam and gambling.

It is also reported that, to prevent the reuse of assets employed in online scam and gambling operations within the KK Park and Shwe Kokko areas of Myawady Township, authorities systematically burned and destroyed additional seized items today.

It is learned that the government, considering the fight against online scam and gambling a national duty, will continue its operations in coordination with domestic forces and neighboring governments to utterly prevent these activities from taking root within Myanmar. 100


Image of seized computers used in online fraud and gambling operations in Ward No. (5), Myawady Town.


Scenes of operations being carried out to inspect and prevent illegal entry and residence by foreign nationals.


Scenes of equipment used in online fraud and gambling in Shwe Kokko, Myawady Township being burned and destroyed.

# Indonesia flood death toll exceeds 1,000 as rescue, recovery efforts continue


An aerial drone photo shows a bridge damaged by floods in Bener Meriah regency, Aceh, Indonesia, Dec. 9, 2025.

**Jakarta December 13**

The death toll from floods and landslides that struck three provinces on Indonesia's Sumatra Island has exceeded 1,000, with 218 people still missing, according to the latest data released Saturday by the National Disaster Management Agency (BNPB).

The disasters have caused extensive infrastructure damage. BNPB data listed damage to about 1,200 public facilities, as well as 219 health facilities, 581 educational facilities, 434 houses of worship, 290 office buildings and 145 bridges.

Abdul Muhari, head of BNPB's Data and Information Center, said at a press conference on Friday that data verification and cross-referencing with civil records are ongoing at the sub-district level. He noted that victims are being confirmed by name and address and that the verification process continues in several districts.

Meanwhile, Indonesian President Prabowo Subianto said during his visit to disaster-hit areas in Aceh on Friday that the government continues to work to fulfill various basic needs of the community.

"Together we will improve this situation. The government will step in and help with everything," Prabowo said.

He also called on all citizens to remain steadfast and keep their spirits up during the recovery process, expressing hope that community activities, including teaching and learning for children, can return to normal soon. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၉၂၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဝက်လက် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၉၂၃ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၈၄၁၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို နိုဝင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၅၉၂၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၄ ဒသမ ၅၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်မှာ စပါး ၁၃၈၄၁၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေကို အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မိုးစပါး စိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ်တွင် တီလားပီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် တီလားပီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒီဇင်ဘာလပထမပတ်မှ ယနေ့တိုင် တီလားပီးယားငါးများဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ဈေးကွက်အတွင်း အဆိုပါတီလားပီးယားငါးများ နေ့စဉ် ပိဿာချိန် ၂၀၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ်ကောင်းနေပြီး စားသုံးသူ များလာသည့်အတွက် ဝယ်ယူအားကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ငါးဈေးကွက်ထဲမှာ လတ်တလောအနေနဲ့တော့တီလားပီးယားငါးတွေက ဝယ်လိုအားကောင်းနေပါတယ်။ ဈေးနှုန်းအနေနဲ့က ဝယ်ယူတဲ့ ပိဿာချိန်နဲ့ ငါးလတ်ဆတ်မှုအပေါ် မူတည်ပြောင်းလဲတာရှိပါတယ်။ လက်ရှိ တီလားပီးယားငါးတွေ တစ်ရက်တာရောင်းအားအနေနဲ့ ပိဿာချိန် ၃၅၀၀ လောက် ရှိပါတယ်။ ရေထွက်ကုန်တွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ တီလားပီးယားငါးတွေ အရောင်းအဝယ်ကောင်းလာတော့လုပ်သားတွေ၊ ငါးမွေးမြူသူတွေနဲ့ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာကြပါတယ်'' ဟု မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။



မြန်အောင်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက် တီလားပီးယားငါးများကိုဝယ်ယူပြီး ပြန်လည် ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသထွက်တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# အုတ်တွင်းမြို့နယ် အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**အုတ်တွင်း ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဝဲဒေါင့်ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်း၊ အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ နှင့်အတူ အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၁၈၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၄၈ ဒသမ ၁၆ သန်းဖြင့် UNA ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင် ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဒေးဒရဲမြို့နယ် ကွင်းပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ဒေးဒရဲ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သုံးဒါတ်ကျေးရွာအုပ်စု ကွင်းပုန်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

**မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလသမိုင်းကြောင်းနှင့် လွတ်လပ်ရေးရရှိပြီး ချိန်တွင် တပ်မတော်က ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးဆောင်ရွက်ခဲ့ရသည့် သမိုင်း ကြောင်းများရှိပြီးဖြစ်၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်၏ သမိုင်းကြောင်း ကို သိရှိနိုင်ရန်အတွက် သမိုင်းဖြစ်ရပ်မှန်များကို ဖတ်ရှုလေ့လာကြရန်လိုအပ်မည်ဖြစ်၊ သမိုင်း ကြောင်းများကို မှန်မှန်ကန်ကန်သိရှိမည်ဆိုပါက တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများကိုလည်း သိရှိလာနိုင်မည်ဖြစ် . . .**

ရှေ့ဖုံးမှအဆက်

ဆူပူဆန္ဒပြမှုများ၊လက်နက်ကိုင်အကြမ်းဖက်ခြင်းများ အတိုင်းအတာတစ်ခုထိဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ပိုမိုများပြားခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလလည်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကိုထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများလျော့ပါးသွားခဲ့ကြောင်း၊ ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့် ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများလုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊အကျပ်အတည်းများနှင့်လည်း ရင်ဆိုင်ခဲ့ကြရကြောင်း၊ ထို့နောက် ၂၀၂၃ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများလျော့ပါးလာခဲ့ပြီး ဆူပူအကြမ်းဖက်မှုများသည်လည်း လျော့ပါးသွားခဲ့ကြောင်း၊ သို့သော် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားနိုင်ရန် တပ်မတော်မှအရာရှိကြီးများကို တာဝန်ခွဲဝေပေးအပ်ခဲ့ပြီး ခြောက်လအတွင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးသဘောထားကွဲပြားမှုများနှင့် နိုင်ငံရေးလှုံ့ဆော်သွေးထိုးမှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး EAO များကလည်း အကြမ်းဖက်သင်တန်းများသင်ကြားပေးခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရန် မကြိုးစားဘဲ အကြမ်းဖက်သည့်နည်းလမ်းဖြင့်ဖြေရှင်းရန် လုပ်ဆောင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

**မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလသမိုင်းကြောင်းနှင့် လွတ်လပ်ရေးရရှိပြီးချိန်တွင် တပ်မတော်က ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးဆောင်ရွက်ခဲ့ရသည့် သမိုင်းကြောင်းများရှိပြီးဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်၏သမိုင်းကြောင်းကို သိရှိနိုင်ရန်အတွက် သမိုင်းဖြစ်ရပ်မှန်များကို ဖတ်ရှုလေ့လာကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိမည်ဆိုပါက တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများကိုလည်း သိရှိလာနိုင်မည်ဖြစ်ကြောင်း၊** နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏ အချုပ်အခြာအာဏာ ထိခိုက်လာမှုအပေါ် တပ်မတော်က ကျားကုတ်ကျားခဲကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ **တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ နိုင်ငံရေးခေတ်စနစ်မျိုးစုံတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက် အလေးထားဆောင်ရွက်ခဲ့ကြောင်း။**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်စနစ်ကိုကျင့်သုံးခဲ့ပြီး ၎င်းနောက်တွင် ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသကဲ့သို့အားနည်းချက်များလည်းရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ် ဗဟိုဦးစီးစနစ်ကိုကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်ကိုကျင့်သုံးခဲ့၍ နိုင်ငံရေး

**တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ နိုင်ငံရေးခေတ်စနစ် မျိုးစုံတွင် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက်အလေးထားဆောင်ရွက်ခဲ့ . . .**

ထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ စီမံကိန်းစီးပွားရေးစနစ်ကြောင့် စီးပွားရေးအရထွက်ပေါက်ပိတ်ဆို့သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပါတီဝင်များကိုသာဦးစားပေးမှုများကြောင့် မကျေနပ်မှုများရှိခဲ့ကြောင်း၊ ၎င်းအပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်လာခဲ့ရကြောင်း၊ စနစ်၏အားနည်းချက်ဆိုသည်ထက် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးပြီး အောင်မြင်နေသည့် နိုင်ငံများလည်းရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတစ်ခု ရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ်ကြောင်း၊ စီးပွားရေးအား ကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာခြင်း၊ သယံဇာတများတရားမဝင်ထုတ်ယူရောင်းစားခံရခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး ၁၉၈၈ ခုနှစ်အရေးအခင်းဖြစ်ပေါ်လာစေခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်လာခဲ့သဖြင့် တပ်မတော်က နိုင်ငံတော်၏တာဝန်များကို မလွှဲသာမရှောင်သာဖြင့်ယူခဲ့ရကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေးစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေးလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့် လက်တွဲညီစွာဆောင်ရွက်ခဲ့ကြောင်း။

သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီပထမအစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီစနစ်နှင့် အသားကျမှုမရှိခြင်း၊ အဖွဲ့အစည်းအသီးသီး၏ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အတိတ်ကာလကဖြစ်ရပ်များအပေါ် သွေးထိုးလှုံ့ဆော်ခြင်းများလည်းရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်ကျင့်သုံးခဲ့စဉ်ကာလ၌ ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီစနစ်ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံပြုလုပ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်ဟု သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း။

ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရအဖြစ် နိုင်ငံတော်၏တာဝန်များကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုက များစွာမျှော်လင့်ထားခဲ့သော်လည်း စီမံခန့်ခွဲမှုအတွေ့အကြုံအားနည်းမှုများ၊ ယခင်အစိုးရ၏ လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများကြောင့် စီးပွားရေးအရ အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ်နှစ်နှစ်အတွင်း ပြည်ပအကူအညီများ များစွာရရှိခဲ့ပြီး နိုင်ငံ့စီးပွားရေး အားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေး အားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများမရှိခြင်း၊ နိုင်ငံ၏ပကတိအခြေအနေနှင့် မကိုက်ညီသည့် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်များအတိုင်း ဩဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်မှုအားနည်းချက်များ၊ စီမံခန့်ခွဲမှုအားနည်းချက်များကြောင့် ပြည်သူလူထုကလည်း ၎င်းတို့အပေါ် အယုံအကြည်အားနည်းလာသဖြင့် ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်အနိုင်ရရှိနိုင်ရန် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ချိန်တွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

ထိုကဲ့သို့ မဲစာရင်းကွဲလွဲမှုများကြီးမားစွာဖြစ်ပေါ်ခဲ့မှုအပေါ် တပ်မတော်အနေဖြင့်

တာဝန်ရှိသူများက စိစစ်အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကိုအဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေချဲ့အမြတ်ထုတ်လိုမှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှုစသည့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုများ၊ ထိခိုက်ဆုံးရှုံးမှု အများအပြားဖြစ်ပေါ်စေခဲ့သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုများစသည့် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

### လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ **မကြာမီရက်သတ္တပတ်ကာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူလက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူများကို ရွေးချယ်၍ဆန္ဒမဲများပေးနိုင်ရန်လိုကြောင်း၊** တပ်မတော်သည် နိုင်ငံတော်နှင့် အမျိုးသားရေးကို သစ္စာရှိစွာဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်ကို အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးခု အပြန်အလှန်ထိန်းကျောင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကိုထိခိုက်စေနိုင်သည့် ဥပဒေများကို ဥပဒေနှင့်အညီပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေပညာရပ်များကို သိရှိနေရန်လိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံ၏ ဥပဒေပြုရေးဖြစ်သည့် လွှတ်တော်တွင် ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် ထိုက်သင့်သည့် အတန်းပညာရှိရန်လိုကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့် အနည်းဆုံး အဆင့်တက္ကသိုလ်ဝင်တန်းတက်ရောက်ပြီးဆုံးသူများဖြစ်ရန် သတ်မှတ်ထားရှိခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ဥပဒေကို မဖြစ်မနေသိရှိနေရန်လိုကြောင်း၊ KG + 12 တက်ရောက်ပြီးသူများအနေဖြင့် အခြေခံပညာအဆင့် သင်ကြားပြီးချိန်တွင် အနည်းဆုံးအသက် ၁၈ နှစ်ပြည့်သူများဖြစ်လာမည်ဖြစ်သဖြင့် ဆန္ဒမဲပေးနိုင်သည့် အသက်အရွယ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေအသိပညာများသိရှိစေရေး မိမိတို့အနေဖြင့် KG+12 တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများကို ဥပဒေအသိပညာများကို သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

> မကြာမီ ရက်သတ္တပတ်ကာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးသွားရမည်ဖြစ်၊ ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူလက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လို . . .



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ချိန်တွင် စီးပွားရေးအရ ပိတ်ဆို့မှုများရှိခဲ့ပြီး ပြည်ပထောက်ပံ့မှုများ များစွာလျော့နည်းသွားခဲ့ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့ ပေးဆပ်ရန်ကျန်ရှိနေသည့် ကြွေးမြီများကိုပြန်လည်ပေးဆပ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်၍ ပြည်ပသို့ပို့ကုန်များ တင်ပို့နိုင်ရေးဆောင်ရွက်ခဲ့ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယားအချက်အလက်များမှန်ကန်မှုရှိရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် အချက်အလက်များ မှန်ကန်စွာရရှိမှုမရှိခြင်းကြောင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကအထွက်နှုန်းပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းနေထိုင်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး လူတစ်ဦးချင်းစီအလိုက် ကျရာအခန်းကဏ္ဍတွင် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း။

### တပ်မတော်သားများ၏ သက်သာချောင်ချိရေးနှင့် စွမ်းရည်၊ စွမ်းအားပြည့်ဝကောင်းမွန်စေရေး

တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် တတ်နိုင်သရွေ့ခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်တွင် စစ်သည်အဆင့်အတန်းအားလုံး၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပါအဝင် ရသင့်ရထိုက်သည့်ခံစားခွင့်များအားလုံးရရှိစေရေးဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကိုမျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့် အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ဘဝတိုးတက်ရေးအတွက် ငွေကြေးသုံးစွဲမှုများ မျှတမှုရှိစေရေးဆောင်ရွက်ရန်၊ ကြိုးစားအားထုတ်မှုများ အမြဲမပြတ်ဆောင်ရွက်ရန်လိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် အမြဲတိုက်ပွဲဝင်အသင့် (Fit for Fight)ဖြစ်နေရန်လိုကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်၊ကျွမ်းကျင်မှုရှိရန်လိုသဖြင့်နေ့စဉ်ဆောင်ရွက်ရမည့်သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန် ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများအားလုံးကိုသက်ဆိုင်ရာ အဆင့်အလိုက် တတ်သင့်တတ်ထိုက်သည့် စစ်ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ကြောင်း၊ထို့ကြောင့် အဆိုပါသင်ကြားပေးထားသည့် စစ်အတတ်ပညာများကို မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားရန်လိုကြောင်း၊ မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာဖြင့် ကိုင်တွယ်အသုံးချနိုင်ရန်လိုကြောင်း၊ နေထိုင်စားသောက်မှုများအားလုံးတွင်လည်း အသိ၊ သတိဖြင့် နေထိုင်ကြရန် လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်အနေဖြင့် တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်များ ကောင်းမွန်ပြည့်ဝနေရန်လိုကြောင်း၊ တိုက်စွမ်းအား ပြည့်ဝနေရန်အတွက် နိုင်ငံတော်အနေဖြင့်လိုအပ်သည့် လက်နက်များ၊လေယာဉ်၊ရဟတ်ယာဉ်များ၊တပ်မတော်ရေယာဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုက်စွမ်းအားပြည့်ဝနေစေရေးအတွက် တပ်မတော်သားတစ်ဦးချင်း၏ စွမ်းရည်များ တိုးတက်ကောင်းမွန်အောင် အမြဲမပြတ်ဆောင်ရွက်နေကြရန်လိုကြောင်း။

### ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်ရေး

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း လုပ်ငန်းတာဝန်အရပ်ရပ်ကို အခက်အခဲပေါင်းစုံကြားမှရင်ဆိုင်ကျော်လွှားခဲ့ပြီး မကြာမီကာလအတွင်း အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းလုပ်များများစွာရှိနေပြီး မိမိတို့အနေဖြင့် ပထမစာမျက်နှာကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် နိုင်ငံတော်၏ဒုတိယစာမျက်နှာအစကိုကောင်းမွန်စွာဆောင်ရွက်ပြီး အနာဂတ်တွင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုဖော်ဆောင်နိုင်ရေးအားလုံး၏ ဝိုင်းဝန်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်းအသီးသီး လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိစစ်သည်မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်း



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းစဉ်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀နှင့် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းစဉ်။

ရန်ကုန် ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ၁၃၈၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည် နှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင် အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီးစာပေ ပညာရှင်များနှင့် စာရေးဆရာ၊ ဆရာမ ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည် တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅ သိန်း ကျော်တန်ဖိုးရှိ အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေး ဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀နှင့် ပြန်ကြားရေး ဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၈၈သိန်းကို ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ကလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်း သည့် ငွေကျပ် သိန်း ၃၀ ကို ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေးကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်း သည့် ငွေကျပ် ၁၅ သိန်းနှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် က လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်းတို့ကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မုဒိတာစကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာ အသင်း၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူးက အလှူရှင်များ စာရင်းကို ဖတ်ကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေ ပညာရှင်ကြီး ၂၈၈ ဦးကို တက်ရောက်လာ ကြသူများက လက်အုပ်ချီမိုး ကန်တော့ကြ ပြီး ကန်တော့ခံပစ္စည်းများ၊ ဂါရဝပြု ဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများ ကိုယ်စား စာရေး ဆရာကြီး လယ်တွင်းသားစောချစ်က ဩဝါဒစကားပြောကြားပြီး ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တို့က အခမ်းအနားသို့ တက်ရောက်လာ သည့် ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများကို ရင်းရင်းနှီးနှီး ဂါရဝပြုနှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## မန္တလေးမြို့ ရတနာပုံဥယျာဉ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယအကြိမ် လူထုစုပေါင်းလမ်းလျှောက်ပွဲ လူဦးရေ ၃၇၀၀ ကျော် ပါဝင်ဆင်နွှဲ

မန္တလေး ဒီဇင်ဘာ ၁၃

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးနှင့်အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရန်၊ တစ်မျိုး သားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားကစားကို လူအများစိတ်ပါဝင်စားပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်း တမံဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက် မြင့်မားလာစေရန်နှင့် လူတစ်စုအားကစား မှ လူထုအားကစားသို့ဟူသော ရည်မှန်း ချက်ကို အထောက်အကူပြုစေရန် ရည်ရွယ် ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာလ အားကစားလူထုစုပေါင်းလမ်းလျှောက်ပွဲ ကို ကျင်းပကြရာ တပျော်တပါး ပျော်ရွှင် စွာ ဆင်နွှဲလျက်ရှိသည်။

မန္တလေးမြို့တွင် ဒီဇင်ဘာလ အားကစား လူထုစုပေါင်းလမ်းလျှောက်ပွဲ ဒုတိယ အကြိမ်ကို ယနေ့နံနက် ၆ နာရီက အောင်မြေသာစံမြို့နယ်ရှိ မန္တလေး နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံ ဥယျာဉ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင် ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာဆရာမများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူထု စုပေါင်းလမ်းလျှောက်ပွဲကို ရတနာပုံ ဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်း ဦးထိပ်တံတားထိပ်အနီးရှိတာလွှတ်နေရာ မှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ် ပေးရာ ပြည်သူလူထု စုစုပေါင်းဦးရေ ၃၇၀၀ ကျော်က ကျုံးအရှေ့တောင်ဘက် ထောင့်ထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်းအတွဲ (၁/၂)၊ Physical Fitness Dance များဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ မျိုးကျော်




**ထူးခြားသည့် ညအပူချိန်များ** (၁၃ - ၁၂ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော့ | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နောင်ချို | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်အတွင်းရှိ လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သည့် အိမ်ရာ ခြောက်လုံးကို အဆောက်အအုံ တစ်ခုချင်းအလိုက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်း ပြည့်မီပြီး ငလျင်ဒဏ်ခံနိုင်အောင် အလေးထားဆောင်ရွက်ရန်၊ ဝန်ထမ်းများအား မူလနေရာများတွင် အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီနေရာချထားရာ နေရာများတွင် ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာနေထိုင်နိုင်ရန်အတွက် ပေ ၂၀ x ၁၂၀ Modular House နှစ်ထပ်အဆောက်အအုံ ၁၀ လုံးဆောက်လုပ်ခြင်း အပြီးသတ်လုပ်ငန်းဆောင်ရွက်နေမှု၊ မီးဖိုချောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်ရန်အတွက် မြေသားလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် လမ်းဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက အချိန်မီတင်ပြသွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ငလျင်ဘေးသင့်ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများအား စနစ်တကျနေရာချထားနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အာရှ-ပစိဖိတ်ဒေသ အသည်းရောဂါဆေးပညာရှင်များညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အာရှ-ပစိဖိတ်ဒေသ အသည်းရောဂါဆေးပညာရှင်များညီလာခံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှ-ပစိဖိတ်ဒေသ အသည်းရောဂါဆေးပညာရှင်များအသင်း (APASL) ဥက္ကဋ္ဌ တူကီယဲနိုင်ငံမှ Professor Necati Ormeci (Turkiye)၊ APASL ဦးဆောင်ကော်မတီဥက္ကဋ္ဌ အိန္ဒိယနိုင်ငံမှ Professor Shiv Sarin၊ အိန္ဒိယနိုင်ငံ အမျိုးသားအသည်းရောဂါ ပညာရှင်များအသင်း ဥက္ကဋ္ဌ Professor Barjesh Chander Sharma နှင့် ပြည်တွင်း၊ ပြည်ပမှ အသည်းရောဂါအထူးကုဆရာဝန်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ညီလာခံတွင် အသည်းခြောက်ရောဂါနှင့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်း အဓိကထားဆွေးနွေးမည်ဟု သိရှိရကြောင်း၊ အသည်းခြောက်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိလျက်ရှိပြီး အသည်းရောဂါကြောင့် ဦးနှောက်ရောင်ရမ်းခြင်း၊ ရေဖျဉ်းစွဲခြင်းနှင့် အသည်းကင်ဆာကဲ့သို့သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေကြောင်း၊ အသည်းခြောက်ရောဂါလူနာများအတွက် အသည်းအစားထိုးကုသခြင်းကသာ တစ်ခုတည်းသော ကုသပျောက်ကင်းနိုင်သည့် နည်းလမ်းဖြစ်နေဆဲဖြစ်သော်လည်း ယခုကျင်းပသည့်ညီလာခံတွင် အခြားကုသနိုင်သည့် နည်းလမ်းများ၊ အသည်းခြောက်ရောဂါကြောင့် အသည်းနှင့်ကိုယ်တွင်းအင်္ဂါများပျက်စီးခြင်းများအတွက် ကုသရေးနည်းလမ်းများကိုလည်း ဆွေးနွေးသွားကြမည်ဟု သိရှိရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသည်းနှင့် အစာအိမ်အူလမ်းကြောင်းရောဂါဆိုင်ရာပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်အမြဲပံ့ပိုးကူညီပေးလျက်ရှိရာ အသည်းရောင်အသားဝါရောဂါ၊ အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာရောဂါ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာကုသမှုများအတွက် လမ်းညွှန်ချက်များထုတ်ဝေခြင်း၊ အသည်းရောင်အသားဝါဘီပိုး ကင်းစင်အောင် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးကို မွေးကင်းစကလေးငယ်များအား ထိုးနှံပေးလျက်ရှိပြီး ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင်လည်း ထည့်သွင်းထိုးနှံပေးလျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ်မှတင်၍ အသည်းရောင်အသားဝါစီရောဂါ ထိန်းချုပ်ရေးစီမံချက်အရ အသည်းရောင်အသားဝါစီရောဂါ ကုသရေးအတွက် အသည်းအရောင်အသားဝါစီရောဂါ ဆေးကုသပေးလျက်ရှိပြီး တစ်နိုင်ငံလုံးသို့ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် အသည်းအရောင်အသားဝါစီပိုး ကင်းစင်ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် အသည်းအမာရွတ်ဖြစ်ခြင်းကို တိကျစွာအကဲဖြတ်နိုင်မည့် စက်ပစ္စည်းများကိုလည်း ပြည်သူ့ဆေးရုံများတွင် တပ်ဆင်ပေးခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကြည့်မှန်ပြောင်းများကို ခုတင် ၂၀၀ နှင့်အထက် ပြည်သူ့ဆေးရုံကြီးများသို့ ထောက်ပံ့ပေးလျက်ရှိခြင်း၊ အသည်းကင်ဆာဝေဒနာရှင်များအတွက် အသည်းဆေးဖျန်းကုသခြင်းအား ထောက်ပံ့ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အသည်းအစားထိုးကုသမှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ အသည်းရောဂါဆေးပညာရပ်နှင့် ခွဲစိတ်ပညာရပ်များ၏ ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်ကြောင်း၊ ယခုညီလာခံမှ အသည်းခြောက်ရောဂါနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ကုသခြင်းနည်းလမ်းသစ်များ၊ အသည်းရောဂါကုသခြင်းဆိုင်ရာ နောက်ဆုံးပေါ်နည်းစနစ်များကို ဖော်ထုတ်ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်ထိ ကျင်းပကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အာမေးနီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အသည်းရောဂါဆေးပညာရှင်များက မြန်မာနိုင်ငံအသည်းရောဂါဆေးပညာရှင်များနှင့်အတူ အသည်းရောဂါဆေးပညာရပ်ဆိုင်ရာ ဗဟုသုတမျှဝေခြင်း၊ လက်တွေ့ကုသမှုအတွေ့အကြုံများ မျှဝေခြင်းတို့ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အသည်းရောဂါပညာရှင် ၄၅ ဦးနှင့် မြန်မာနိုင်ငံမှ အသည်းရောဂါပညာရှင်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များစုစုပေါင်း ဦးရေ ၃၂၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် နိုင်ငံ့သားကောင်းရတနာများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)သို့ တက်ရောက်ကြမည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ သွားရောက်တွေ့ဆုံကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက အမှာစကားများ အသီးသီးပြောကြားကြပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အသုံးဆောင်ပစ္စည်းများပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မွန်ပြည်နယ်၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

## ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်ဦး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်ဦးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်ကြီးတံခွန်မြို့နယ် စကောစုရပ်ကွက်မှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စကောစုရပ်ကွက်မှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ လေးမျက်နှာဘုရား၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၇ ပါးနှင့် ဒေသခံပြည်သူ ၁၈၈ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးဆိပ်ကြီးခနောင်တိုမြို့နယ်၊လှည်းကူးမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ထန်းတပင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဘာသာရေးကျောင်းများနှင့်လမ်းမကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့

အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

MCRD

"လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"





# ဥတ္တရသီရိမြို့နယ်၌ အများပြည်သူ၏ ဘာသာရေးယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအား ညှိုးနွမ်းစေရန်နှင့် အမြင်မတင့်တယ်စေရန်ပြုလုပ်ခဲ့သူ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ဒီဇင်ဘာ ၁၁ ရက်က သာသနာအား ညှိုးနွမ်းစေရန်နှင့် အများပြည်သူအမြင်မတင့်တယ်စေရန် ပြုလုပ်ခဲ့သူ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ၌ ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်ထိ "အောင်စိုးမင်း" ဂီတပဒေသာဆိုင်းအဖွဲ့က တီးခတ်ကပြဖျော်ဖြေခဲ့ရာ ဒီဇင်ဘာ ၆ ရက် ညတွင် တီးမှုတ်ကပြဖျော်ဖြေမှုတွင် ကြာနီကန်ဆရာတော်၏ အနန္တငါးပါး ရှိခိုးမှုနှင့် ကိုရီးယားဂန်းနန်းစတိုင်သီချင်း တီးလုံးတို့ကို ပေါင်းစပ်သရုပ်ဖော်၍ ဆိုင်းဆရာအဖြစ် စိုးသိန်း(ခ)အောင်စိုးမင်းက တီးခတ်ခဲ့ပြီး လူရွှင်တော်ဖြစ်သူ စိုးမင်းဦးက သင်္ကန်းဝတ်ဆင်သရုပ်ဖော်ပြီး ကိုရီးယားသီချင်းတီးလုံးဖြင့် သင်္ကန်းကို ချွတ်ကာ အများပြည်သူအမြင်မတင့်တယ်သည့် ညစ်ညမ်းသောအပြုအမူဖြင့် အင်္ကျီမပါ ပုဆိုးခါးတောင်းကျိုက်ပြီး သရုပ်ပျက် ကပြရာတွင် ထက်လင်းဦး(ခ)မျက်ပြူး၊ ကိုဖြိုး(ခ)ဝေဖြိုးထက်နှင့် နန်းဝတီတို့က ပါဝင်သရုပ်ဖော် ကပြခဲ့ကြကြောင်း သိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများကို အရေးယူနိုင်ရေးအတွက် တောင်ညိုနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၉၄/ ၂၉၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အမှုမှပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်နေသူများဖြစ်ကြသည့် "အောင်စိုးမင်း" ဂီတပဒေသာ ဆိုင်းအဖွဲ့မှ ဆိုင်းဆရာဖြစ်သူ စိုးသိန်း(ခ) အောင်စိုးမင်း ၅၈ နှစ်၊ သင်္ကန်းဝတ်ဆင်၍ သရုပ်ပျက်ကပြခဲ့သည့် လူရွှင်တော်ဖြစ်သူ စိုးမင်းဦး ၄၂ နှစ်၊ ပါဝင်ကပြဖျော်ဖြေခဲ့သူ


စိုးသိန်း(ခ)အောင်စိုးမင်း(၅၈)နှစ်


စိုးမင်းဦး(၄၂)နှစ်


ကိုဖြိုး(ခ)ဝေဖြိုးထက် (၃၉)နှစ်

နန်းဝတီ ၁၆ နှစ်၊ ကျွဲရှင်းကျေးရွာနေ ကိုဖြိုး(ခ)ဝေဖြိုးထက် ၃၉ နှစ်တို့ လေးဦးတို့ကို ယင်းနေ့ ည ၁၀ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာနေ ထက်လင်းဦး(ခ) မျက်ပြူး ၂၈ နှစ်ကို ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ၎င်းတို့၏နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။



နန်းဝတီ(၁၆)နှစ်


ထက်လင်းဦး(ခ)မျက်ပြူး(၂၈)နှစ်

အထက်ပါဖြစ်စဉ်မှ အများပြည်သူ၏ ဘာသာရေးယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအား ညှိုးနွမ်းစေရန်နှင့် အများပြည်သူ အမြင်မတင့်တယ်စေရန် တီးမှုတ်ကပြ ဖျော်ဖြေခဲ့သူများဖြစ်သည့် စိုးသိန်း(ခ)အောင်စိုးမင်းပါ ငါးဦးတို့ကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**









**○ ရထားလမ်းချော်မှုဖြစ်ပွားမှု**

မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)ရှိ ပေ ၈၀ ကွန်ကရစ်ဘောင် တံတားအမှတ် ၆၈၇/A အရောက်တွင် မန္တလေးဘက်တံတား အဝင်ထိပ်နေရာနှင့် သံလမ်းဆက်အတွင်း အခြားတစ်နေရာ စုစုပေါင်း နှစ်နေရာရှိ ရထားသံလမ်း ဆက်ပြားနှင့် သံလမ်းဆက်မူလီ (Bolt & Nut)များ၊ ကွန်ကရစ် ဇလီဖားတုံးနှင့် သံလမ်းကိုချိတ်ဆက်သည့် သံလမ်းထိန်းကလစ်များကို မသမာသူများက ရထားလမ်းချော်မှုဖြစ်ပွားစေရေး ယုတ်မာပက်စက်သောအကြံဖြင့် ဖြုတ်ယူဖျက်ဆီးခဲ့မှုကြောင့် လမ်းချော်ကျခဲ့သဖြင့် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် ၁၅ တွဲမြောက်မှ ၁၇ တွဲမြောက်ထိ ကုန်အပြည့်တင်ဆောင်ထားသည့် အလုံပိတ်ကုန်တွဲ နှစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ရထားလမ်းချော်ကျမှုကြောင့် စမုံ-သဲတောအစုန်ရထားလမ်းပိုင်းကို ယနေ့ နံနက် ၁ နာရီခွဲတွင် ယာယီပိတ်ထားခဲ့ရပြီး လမ်းချော်ကျသည့်တွဲ သုံးတွဲကို မတင်ခြင်းဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ပြီးစီးခဲ့ပြီး ပျက်စီးသွားသော ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးတပ်ဆင်ခြင်းကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့သဖြင့် အမှတ်(၉၀၂) အစုန် ကုန်ရထားသည် မွန်းလွဲ ၂ နာရီခွဲတွင် သီလဝါသို့ ဆက်လက်ထွက်ခွာသွားကြောင်းနှင့် လမ်းပိုင်းကို ယနေ့မွန်းလွဲ ၂ နာရီ ၄၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိသည်။

အဆိုပါလုပ်ရပ်သည် ရထားစီး ခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ကုန်စည်ပို့ဆောင်မှုကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားစွာ ကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏ လုပ်ရပ်ကိုတွေ့ရှိပါက ရထားမတော်တဆမှုများကာကွယ်နိုင်ရန် သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားသွားရန်လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ အခန်း ၁၈ ပုဒ်မ ၇၉ (ဂ)အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့်ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ နှစ် ၂၀ ထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်းသိရှိရပြီး ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်လှစ်ထားရှိကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကိုဆွန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမွည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

**(သတင်းစဉ်)**



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်မှုမရှိစေရေး ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို တွေ့ရစဉ်။

**☆ KK Park နယ်မြေမှ**

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၄ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၅ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၁၃ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။



မြဝတီမြို့နယ် ရွှေကုက္ကိုလ် နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ အဆောက်အအုံတစ်လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ အလုံး ၃၀ တို့ကို စစ်ဆေးဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အီရတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက်ရေကြီးမှုများကြောင့် လူကိုးဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိ



**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၃**

အီရတ်နိုင်ငံ တစ်ဝန်းတွင် ဒီဇင်ဘာ ၁၂ရက်က မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက်ရေကြီးမှုများကြောင့် လူကိုးဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူများသည် ကာကွတ်ပြည်နယ်မှ နှစ်ဦး၊ ဒီကာပြည်နယ်မှ နှစ်ဦး၊ ဝါဆစ်ပြည်နယ်မှ တစ်ဦး၊ ဒီဝါနီယာပြည်နယ်မှ တစ်ဦးနှင့် ဆူလိုင်မာနီယာပြည်နယ်မှ သုံးဦး ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်များအပါအဝင် နာဂျက်ဖ်ပြည်နယ်တွင်လည်း ဒဏ်ရာရသူများစွာ ရှိကြောင်း သိရသည်။

"ဒီဇင်ဘာလ ဒုတိယပတ်အတွင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုနဲ့ ရုတ်တရက်ရေကြီးမှုတွေကြောင့် သေဆုံးသူဟာ အချိန်နဲ့အမျှတိုးလာပါတယ်။ လက်ရှိထိတော့ ကိုးဦးရှိပါပြီ။ ဒဏ်ရာရသူအရေအတွက်ကိုတော့ စိစစ်နေပါတယ်"ဟု အီရတ်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အီရတ်မိုးလေဝသနှင့် ငလျင်ဗေဒအဖွဲ့၏ ခန့်မှန်းချက်များအရ မိုးရွာသွန်းမှု အခြေအနေသည် မတည်ငြိမ်သေးသဖြင့်ဆက်လက်ရွာသွန်းလာနိုင်ခြင်းကြောင့် ဒေသခံပြည်သူများကို သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း၊ အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီအာ အယ်လ်ဆူဒါနီက အီရတ်နိုင်ငံ၏ ရေဘေးသင့်ပြည်နယ်များအတွက် အရေးပေါ်ရန်ပုံငွေနှင့် ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ပြင်သစ်နိုင်ငံက ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးစီမံချက်ကို အဆင့်မြှင့်တင်ထားကြောင်း ထုတ်ပြန်

**ပဲရစ် ဒီဇင်ဘာ ၁၃**

ပြင်သစ်နိုင်ငံတွင် ကာဗွန်ထုတ်လွှင့်မှုသုညမှတ်သို့ရောက်ရှိရေးအတွက် စီမံချက်များ ရေးဆွဲကာ ဆောင်ရွက်လျက်ရှိနေပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ရောက်ရှိရေးအတွက် ရေးဆွဲထားသော စီမံချက်ကို အဆင့်မြှင့်တင်ထားကြောင်း National Low-Carbon Strategy (SNBC-3) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အသစ်ပြန်လည်ရေးဆွဲကာ အဆင့်မြှင့်တင်ထားသည့် စီမံချက်တွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှု ဖြတ်တောက်ခြင်းကဏ္ဍကို အဓိကပစ်မှတ်ထားရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့အစည်း၏ လမ်းညွှန်ချက်အတိုင်း ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးကို အချိန်မြှင့်တင်ဆောင်ရွက်သွားမည်ဟု National Low-Carbon Strategy (SNBC-3) က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"၂၀၅၀ ပြည့်နှစ်အရောက်မှာ ကာဗွန်သုညမှတ်ရောက်ရှိရေးကို ဦးစားပေးဆောင်ရွက်နေပါတယ်။ ပိုပြီးတော့ ထိရောက်မှုရှိဖို့အတွက် စီမံချက်ကိုပြင်ဆင်ပြီးတော့ အသစ်ပြန်လည် ရေးဆွဲထားပါတယ်။ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အရေးကြီးဆုံးက ရုပ်ကြွင်းလောင်စာသုံးစွဲမှု ဖြတ်တောက်ရေးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စီးပွားရေးကဏ္ဍကိုလဲ ထိခိုက်မှုမရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် စီမံချက်တွေကိုပြင်ဆင်ရေးဆွဲတဲ့နေရာမှာ တော်တော်လေးကိုသတိထားပြီး ပြင်ဆင်ရေးဆွဲခဲ့ရပါတယ်"ဟု National Low-Carbon Strategy (SNBC-3) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အနောက်သြစတြေးလျပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေ

**ကင်ဘာရာ ဒီဇင်ဘာ ၁၃**

သြစတြေးလျနိုင်ငံ အနောက်သြစတြေးလျပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်ကာ ပက်သ်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေကြောင်း အနောက်သြစတြေးလျပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ပက်သ်မြို့နှင့် နီးကပ်သဖြင့် ပက်သ်မြို့ခံများကို တောမီးအန္တရာယ်သတိပြုရန် ညွှန်ကြားထားကြောင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့သည့်အတွက် တောမီးကူးစက်လောင်ကျွမ်းမှုနှုန်း မြင့်မားနေကြောင်း၊ အပူချိန်ဆက်လက်မြင့်တက်ဖွယ် ရှိနေသောကြောင့် တောမီးအန္တရာယ်မှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း အနောက်သြစတြေးလျပြည်နယ် မီးသတ်တပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ထားသည်။



"အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေလဲ ဖြစ်ပါတယ်။ လေတိုက်နှုန်း မြင့်တက်မှုကြောင့်လဲ တောမီးဟာ တစ်နေရာကနေ တစ်နေရာ ကူးစက်မှုနှုန်း မြင့်မားနေပါတယ်။ အပူချိန်ဆက်လက်မြင့်တက်လာနိုင်တဲ့အတွက်ကြောင့် တောမီးအန္တရာယ် အရေးပေါ်အခြေအနေ အဆင့်ကိုရောက်ရှိလာနိုင်ပါတယ်။ အထူးသဖြင့် ပက်သ်မြို့အနီးမှာ တောမီးလောင်ကျွမ်းနေခြင်း ဖြစ်တဲ့အတွက် ပက်သ်မြို့ခံတွေအနေနဲ့ တောမီးအန္တရာယ် သတိပေးချက်တွေကို စောင့်ကြည့်နားထောင်သွားဖို့ တိုက်တွန်းအပ်ပါတယ်"ဟု အနောက်သြစတြေးလျပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာစမစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ကင်ညာနိုင်ငံတွင် ဆင်နှင့်ကြံ့များ ၂၀၂၁ ခုနှစ်ကထက် ကောင်ရေတိုးလာ

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၃**

ကင်ညာနိုင်ငံတွင် ဆင်နှင့်ကြံ့များ ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းသဖြင့် ၂၀၂၁ ခုနှစ်ကထက် ကောင်ရေတိုးလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ကင်ညာနိုင်ငံတွင် ဆင်နှင့် ကြံ့ကောင်ရေသည် ယခုနှစ် တောရိုင်းတိရစ္ဆာန်သုတေသနနှင့် လေ့ကျင့်ရေးဌာန၏ အစီရင်ခံစာအရ ကင်ညာနိုင်ငံတွင် ၂၀၂၁ ခုနှစ်ကရှိခဲ့သော ဆင်ကောင်ရေသည် ကောင်ရေ ၃၆၂၈၀ ရှိကြောင်း၊ ယခုနှစ်တွင် ၄၂၀၇၂ ကောင်ထိ မြင့်တက်လာကြောင်း၊ ထို့ပြင် ကြံ့မည်းနှင့် ကြံ့ဖြူ ကောင်ရေစုစုပေါင်း အရေအတွက်မှာ ၂၀၂၁ ခုနှစ်က ၁၈၀၂ ကောင်ရှိခဲ့ရာမှ ယခုနှစ်တွင် ၂၁၀၂ ကောင်ရေထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် အမျိုးသား တောရိုင်းတိရစ္ဆာန် စာရင်းများအရ ကြံ့အကောင်ရေစုစုပေါင်း ၂၁၀၂ ကောင်ရှိပြီး နိုင်ငံအတွင်းရှိ ခရိုင် ၁၀ ခုတွင် ပျံ့နှံ့နေထိုင်ကျက်စားလျက်ရှိကာ လိုင်ခီပီးယားခရိုင်တွင် ကောင်ရေအများဆုံးနေထိုင်ကျက်စားလျက်ရှိကြောင်း၊ အဆိုပါခရိုင်တွင် ကောင်ရေအားဖြင့် ၁၀၄၇ ကောင်ရှိကြောင်း၊ ထို့ပြင် ကင်ညာနိုင်ငံ၏ ဆင်ကောင်ရေစုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်သည် အမျိုးသားဥယျာဉ်များ၊ ဘေးမဲ့တောများအပြင် လူသားများအနီး စားကျက်မြေများတွင် နေထိုင်ကျက်စားကြကြောင်း၊ ထို့ကြောင့် ဆင်များ တရားမဝင် အမဲလိုက်မှု မြင့်တက်လာကြောင်း သိရသည်။

ကင်ညာနိုင်ငံ၏ ဆင်နှင့် ကြံ့မျိုးစိတ်များ ရှားပါးကာ ကောင်ရေကျဆင်းလာပြီး မျိုးသုဉ်းလုနီးပါးဖြစ်လာရသည့် အဓိကခြိမ်းခြောက်မှုများမှာ ကျက်စားရာဒေသများသို့ စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့မှုကြောင့် စားကျက်မြေများ ရှားပါးမှု၊ တရားမဝင်အမဲလိုက်မှုနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်း

**အော့တဝါ ဒီဇင်ဘာ ၁၃**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရေဘေးအန္တရာယ်ရှိသည့် အဆင့်သို့ရောက်ရှိနေသည့်အတွက် ဒီဇင်ဘာ ၁၂ ရက်မှစတင်၍ ဒေသခံအမြောက်အမြားကို ဘေးလွတ်ရာရွှေ့ပြောင်းနေကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ဗြိတိသျှကိုလံဘီယာ ပြည်နယ်အပြင် ကနေဒါနှင့် အမေရိကန်နိုင်ငံနယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် စနိုဟိုမစ်ချ်ဒေသ၊ ဆက်တယ်မြောက်ပိုင်း ဒေသများတွင် သတိပေးချက်ရရှိထားသော ဒေသခံတချို့ကို ဘေးလွတ်ရာသို့ ချက်ချင်းရွှေ့ပြောင်းရန် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ မိုးရေချိန်မှာလည်း ၁၀ လက်မထိ မြင့်တက်ခဲ့ခြင်းကြောင့် နာရီပိုင်းအတွင်း မြစ်ရေလျှံတက်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"မြစ်ရေ လျှံတက်မှုကြောင့် စနိုဟိုမစ်ချ်ဒေသ၊ ဆက်တယ် မြောက်ပိုင်းဒေသတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတချို့ကို ယာယီပိတ်ထားပြီးတော့ ကုန်းနိမ့်ပိုင်း ဧရိယာမှာ နေထိုင်တဲ့ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် သတိပေးချက် ထုတ်ပြန်ထားပါတယ်။ လက်ရှိအချိန်ထိတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၁၀၀၀၀ ကျော်ထိ ရှိနေပြီဖြစ်ပါတယ်"ဟု ဗြိတိသျှကိုလံဘီယာ ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# အချစ်မှာ အနှစ်အကာရှိတယ်

## အမေ့သား(နတ်မောက်)



( ၁ )

ပေါင်းမြက်များရှင်းလင်းပြီးသည့် ယာမြေရှိ နှမ်းပင်ကလေးများသည် အနှောင့်အယှက်ကင်းကင်းဖြင့် ကြီးပြင်းလာနေကြပြီဖြစ်၏။ မရှင်းလင်းရသေးသည့် ယာမြေမှာတော့ ပေါင်းမြက်များသည် နှမ်းပင်ကလေးများကို အနိုင်ပိုင်းကာ လွှမ်းမိုးနေကြသည်။ အကျိုးမပြုသည့် ပေါင်းမြက်များကို အောင်စိုးကြည့်လို့မရ။ ပေါင်းမြက်များသည် နေပူသည်၊ မိုးရွာသည်ကို မမှု လျင်မြန်စွာ ကြီးထွားလာပြီး နှမ်းပင်ကလေးများ၏ ကြီးထွားမှုကို နှောင့်နှေးစေတော့သည်။ အမြန်ဆုံး ရှင်းလင်းလိုက်ချင်ပေမဲ့ အောင်စိုးမစွမ်းသာသေး။ သူများလို လူလည်းမခေါ်နိုင်တာကြောင့် အမေနှင့်နှစ်ယောက်တည်းသာ ပေါင်းနုတ်နေရသည်။ နေကလေးပူလာတော့လည်း ပေတေပြီးဆက်မနုတ်နိုင်။ ချွေးတလုံးလုံးနှင့် ထမင်းစားနားရသည်။

အမေကတဲထဲမှ ထမင်းထုပ်ကလေးယူလာသည်။ ဖွင့်လိုက်သည်နှင့်ချဉ်ပေါင်ဟင်းနံ့က သင်းခနဲ။ အောင်စိုးဗိုက်သည်လည်း တဂွီဂွီနှင့် ဆန္ဒပြလာလေသည်။ အမေက လက်ဖက်နှင့်ပဲခြမ်းကို သမအောင်မွှေသည်။ ဆီကလေးရွှဲနေတော့ စားချင်စရာကောင်းလှသည်။ လေပြည်ကလေး တိုက်ခတ်လာတော့ အမောပြေသွားသည်။ အမေခွဲထည့်ပေးသည့် ထမင်းပန်းကန်ထဲ ချဉ်ဟင်းရည်တစ်ဇွန်းဆမ်း၏။ ငရုတ်သီးထောင်းတစ်ကော်ယူပြီး မွှေလိုက်ကာ ခေါင်းမဖော်တမ်းစားသည်။ နင်တင်တင်ဖြစ်သွားတာကြောင့် ရေတစ်ခွက်အမြန်သောက်လိုက်ရသည်။

"လူလေးနှယ်... ဖြည်းဖြည်းစားပါကွယ်"

အောင်စိုး အမေ့ကို ပြုံးပြလိုက်သည်။ အိမ်မှာဆိုလျှင် သည်ထမင်း၊ သည်ဟင်းနှင့် သည်လောက်စားဝင်လိမ့်မည်မဟုတ်ပေ။ လယ်ကန်သင်းစပ်မှာ ထိုင်စားရသည့်အရသာက ဘာနှင့်မျှမတူ။ ဟင်းမကောင်းသည့်တိုင် ထမင်းပို၍စားဝင်သည်။ တစ်ခါတလေ အိမ်မှာထမင်းစားမဝင်သည့်အခါ လယ်ကန်သင်းစပ်လာပြီးပင် စားချင်စိတ်ဖြစ်လာသည်။

"နေကလဲ ပူလိုက်တာ အမေရာ၊ အလုပ်က အရေးကြီးပါတယ်ဆို"

"ဖြည်းဖြည်းပေါ့ လူလေးရယ်"

အမေသည် ထမင်းစားပြီးသည်နှင့် သစ်ပင်ရိပ်ကလေးမှာ ပုဆိုးစလေးခင်းပြီး လဲလျောင်းကာ မေးစက်အနားယူ၏။ အောင်စိုးကတော့ နားမနေနိုင်ပါ။ တံဇဉ်တစ်ချောင်းကိုင်ပြီး သစ်ပင်ရိပ်ကလေးတွေမှာရှိသည့် မြက်ပင်များကို ရိတ်နေမိသည်။

နေသည် တဖြည်းဖြည်း စောင်းလာသည်နှင့်အမျှ အပူချိန်လည်း လျော့နည်း၍လာသည်။ မိုးရိပ်မိုးသားများ နောက်ကွယ်သို့ နေမင်းကြီးရောက်သွားသည့်ခဏဝယ် အောင်စိုးတို့အနီးတစ်ဝိုက်မှာ အရိပ်ကလေးရသွားလေသည်။ အမေနားနေရာမှ ထလာပြီး ဦးထုပ်ဆောင်းကာ နှမ်းခင်းထဲဝင်သွားသည်။ ပေါင်းမြက်များကို အမေရှင်းလင်းတော့မည်။

အောင်စိုးလည်း ရိတ်ထားပြီးသည့် မြက်ပင်များကို စုစည်းလိုက်သည်။ ခေါင်းတစ်ရွက်စာ နွားစာတစ်ထုံးရ၏။ ညနေစောင်း အိမ်ပြန်ခါနီးလျှင် တကူးတက နွားစာရိတ်စရာမလိုတော့ပေ။

အောင်စိုးအမေ့အနား အမြန်သွားကာ ပေါင်းမြက်များကို ခပ်သွက်သွက်ပင် ရှင်းလင်းလိုက်တော့သည်။

( ၂ )

ညနေစောင်း နေရောင်ပျောက်သည်နှင့် ရွာလယ်လမ်းမကြီးမှာ ဟိုတစ်စုသည်တစ်စု လူစုလေးများဖြင့် စည်ကားလျက်ရှိသည်။ ရှေးဟောင်းနှောင်းဖြစ် စကားလေးများ ပြောကြ၊ ဆိုကြရင်း ရယ်ကြ၊ မောကြနှင့် ပျော်စရာကောင်းလှသည်။ တချို့က လက်ကိုင်ဖုန်းကိုယ်စီမှာ အာရုံရောက်နေတာကြောင့် စကားဝိုင်းထဲ သိပ်ပြီး စိတ်မရောက်ကြ။ အများတကာ ရယ်မောလျှင် လိုက်လံရယ်မောကြပြီး အများတကာ ဟင်ခနဲ၊ ဟာခနဲဖြစ်လျှင် သံယောင်လိုက်၍ ဟင်၊ ဟာ လိုက်လုပ်ကြ၏။ ရွာကလေးကား ခေတ်မီလာသည် ဆိုရမည်။

"တောကျလိုက်တာကွာ"

စိုးဝင်းစကားကြောင့် အောင်စိုး အံ့သြသွားရသည်။ ရုတ်တရက် သနပ်ခါးရနံ့က နှာခေါင်းထဲ သင်းခနဲဝင်ရောက်လာသည်။ မော့ကြည့်လိုက်တော့ စကားတပြောပြောနှင့်ရေခပ်ဆင်းလာကြသည့်ပျိုမေတစ်သိုက်။ လေး၊ ငါးယောက်ရှိသည့်အထဲမှာ သနပ်ခါးကို အထင်းသားလိမ်းခြယ်ထားသည်က ခင်နှင်းမေ တစ်ယောက်တည်းသာ။ ထဘီကို ခြေမျက်စိဖုံးသည်ထိ ဝတ်ဆင်ထားသည်။ ရှည်လျားပြီး နက်မှောင်သည့်ဆံပင်ကိုမထုံးဘဲ ဖြောင့်စင်းစွာချထားသည်က မြန်မာဆန်ဆန်လေးနှင့် ကျက်သရေရှိလှပါ၏။

"ဘယ်သူ့ကို ပြောတာလဲ"

ခင်နှင်းမေတို့တစ်တွေအနားမှ ကျော်လွန်သွားတော့ စိုးဝင်းကို အောင်စိုးမေးလိုက်သည်။

"ဘယ်သူရှိရမလဲ။ ဟို ရှေးရိုးစွဲ ခင်နှင်းမေကိုပေါ့"

စိုးဝင်းပြောမှ တစ်ခါပြန်၍ လှည့်ကြည့်မိသည်။ ဟုတ်ပေသားပဲ။ ခင်နှင်းမေမှလွဲ၍ ကျန်မိန်းကလေးများက ထဘီဝတ်ထားကြသည်မဟုတ်။ ဒီဇိုင်းအမျိုးမျိုးနှင့်စကပ်ကလေးများ ဝတ်ဆင်ထားကြလျက် ခေတ်ဆန်နေကြပါ၏။ မျက်နှာမှာ သနပ်ခါးလိမ်းမထားဘဲ ဖွေးဖွေးလှုပ်နေသည်ကိုတော့ အစောကတည်းက အောင်စိုးသတိထားမိသည်။

အောင်စိုးကား တောကျသည်ဆိုသည့် ရှေးရိုးစွဲ ခင်နှင်းမေကိုသာ မိန်းကလေးဆန်သည် ထင်၏။ ကျက်သရေရှိသည်ထင်၏။ မြို့နေ၊ မြို့စား ကျောင်းတက်နေသည်ကိုပင် မြို့စရိုက်များ ကူးစက်ခြင်း မခံရလေအောင် ထိန်းထိန်းသိမ်းသိမ်းနေနိုင်သည့် ခင်နှင်းမေကို အောင်စိုးလေးစားမိသည်။ ရွယ်တူချင်းဆိုသော်ငြား ရင်းရင်းနှီးနှီး စကားပြောဖြစ်သည် မရှိချေ။ အကြောင်းကိစ္စရှိ၍ မျက်နှာချင်းဆိုင်စကားပြောဖြစ်သည့်အခါတိုင်း အောင်စိုးရင်ခုန်သံသည် ပုံမှန်မဟုတ်ဘဲ ပို၍ခုန်လာသည်ကို သတိထားမိ၏။ သည်အတွက်ကြောင့် ငယ်စဉ်ကတည်းက ခင်နှင်းမေကို ဝေးဝေးကရှောင်ခဲ့သည်။ အခုအသက်အရွယ်လေး ရလာပြန်တော့ ခင်နှင်းမေအနားတိုးကပ်လို့ သွားချင်ပြန်သည်။ လူ့စိတ်သည် အင်မတန်မှပင် ထူးဆန်းလို့နေပါ၏။

"ငါတော့ ကြည့်လို့ကောင်းတယ် ထင်တာပဲ"

အောင်စိုးသည် ခင်နှင်းမေကို မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်ထိ မျက်တောင်မခတ် ကြည့်လို့နေ၏။ ခင်နှင်းမေသည် အလှကြီးမဟုတ်သည့်တိုင် မြန်မာဆန်ဆန် အဝတ်အစားလေးနှင့် ကြည့်လို့ကောင်းလှသည်။ လူတိုင်း၏ ပါးစပ်ဖျားမှာ ပြောစမှတ်တွင်သည် မဟုတ်သော်ငြား အောင်စိုး၏ ရင်တွင်းမှာတော့ မှတ်မှတ်ထင်ထင် စွဲထင်နေတာ ကြာခဲ့လေပြီ။

အနောက်တံခါးဆီမှ နွားတစ်အုပ် မောင်းဝင်လာတော့ အောင်စိုးတို့ နီးစပ်ရာအိမ်တွေအောက် ပြေးဝင်ကြရသည်။ နွားအုပ်ကြီးနောက်မှ ကပ်ပါလာသည့် ဖုန်လုံးကြီးက နည်းနည်းနောနောမဟုတ်။ ပါးစပ်နှင့်နှာခေါင်းကို လက်ဖြင့်အုပ်ထားရသည်ထိ ထိုဖုန်လုံးက ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားလျက်ရှိ၏။

( ၃ )

နှမ်းပင်ကလေးများသည် ပေါင်းမြက်များ ကင်းရှင်းသွားသည်နှင့် အားအင်အပြည့်ဖြင့် ကြီးထွားလာကြ၏။ အပွင့်ကလေးများ လှိုင်လှိုင်ပွင့်နေကြသည်က စိတ်ချမ်းမြေ့ဖွယ်ကောင်းလှသည်။ သို့သော် ပိုးမွှားအန္တရာယ်များက မဖိတ်ခေါ်ပါဘဲ ကျရောက်လာပြန်သည်။ ဘယ်အရာမဆို ဖျက်လိုဖျက်ဆီး အနှောင့်အယှက်များက ရှိနေစမြဲလား အောင်စိုးမပြောတတ်။ နှိမ်နင်းရမည့်တာဝန်က အောင်စိုးမှာ ရှိလာပြန်သည်။

စိုးရိမ်စိတ်ဖြင့် မြို့ပေါ်တက်ပြီး ဆိုင်ကိုအပြေးသွားကာ အကျိုးအကြောင်းပြောပြတော့ ရောင်းသူက ခေါင်းတညိတ်ညိတ်နှင့်။ မတုံ့ဆိုင်းဘဲ ဆေးဘူးကလေးချက်ချင်းထုတ်ပေးတော့ အောင်စိုး အံ့သြရသည်။ နည်းပညာသည် အောင်စိုးလိုက်မမီအောင် အရာရာမှာ တိုးတက်နေပါပြီကော။ ကျသင့်ငွေရှင်းပြီးဆိုင်ထဲက ပြန်ထွက်ခဲ့သည်။

ကားဂိတ်ဆီသို့အသွားမှာ တက္ကသိုလ်ကျောင်းဝင်းဆီမှ ထွက်လာကြသည့်အရောင်အသွေး စုံစုံလင်လင်နှင့် ကျောင်းသူ၊ ကျောင်းသားများဆီ မထင်မှတ်ဘဲ အကြည့်ရောက်သွား၏။ တိုက်တိုက်ဆိုင်ဆိုင် ထင်းခနဲမြင်လိုက်ရသည်က ခင်နှင်းမေ။ ဝေးသည်ဆိုသော်ငြား ခင်နှင်းမေဖြစ်ကြောင်း တပ်အပ်ပြောနိုင်သည်။ စိုးဝင်းစကားငှားပြောရလျှင် တောကျကျဝတ်စားထားသည်ဆိုလို့ ခင်နှင်းမေတစ်ယောက်သာ ထင်းထင်းလင်းလင်း ရှိနေသည်လေ။

ခင်နှင်းမေသည် ဘေးဘီဝဲယာကိုပင် လိုက်လံကြည့်ရှုနေခြင်းမပြု။ မျက်လွှာကိုချကာ ဣန္ဒြေရစွာ လျှောက်လှမ်းနေလေ၏။ ခင်နှင်းမေနှင့် လက်ချင်းယှက်၍ လျှောက်လာနေသည့် တစ်ရွာတည်းနေ ဇင်မေကတော့ ဟိုကြည့်သည်ကြည့်နှင့်။ ကြည့်ရင်းကြည့်ရင်း အောင်စိုးနှင့်အကြည့်ချင်းဆုံသွားသည်။ အောင်စိုးအကြည့်ကို အမြန်လွှဲလိုက်သော်ငြား ဇင်မေက အောင်စိုးကို တွေ့မြင်သွားဟန်တူသည်။ မှတ်မိသွားဟန်တူသည်။ ခင်နှင်းမေကို တီးတိုးပြောဆိုနေပြီး အောင်စိုးဆီသို့ တန်းတန်းမတ်မတ်ကြီးလျှောက်လာနေလေသည်။ အောင်စိုး ရှောင်ပြေး၍ မရတော့တာကြောင့် ဇင်မေ့ကို ပြုံးပြနှုတ်ဆက်နေရသည်။ ခင်နှင်းမေကတော့ အောင်စိုးကိုပင် မကြည့်ဘဲ မျက်လွှာကို ချထားမြဲချထားလျက်သာ။

"ဟယ်... အောင်စိုးကြီးပါလား။ တူပါတယ်လို့ ကြည့်နေတာ၊ ဘာလာဝယ်တာတုံး"

ဇင်မေသည် အောင်စိုးအနားရောက်ရောက်ချင်း အာသွက်လျှာသွက်နှင့် နှုတ်ဆက်နေလေ၏။

"နှမ်း... နှမ်းပင်တွေ ပိုးကျလို့ ဆေး... ဆေးလာဝယ်တာပါ"

မူမမှန်ဖြစ်နေသည့် ရင်ခုန်သံကြောင့် အောင်စိုးစကားတွေ အထစ်ထစ် အငေါ့ငေါ့ဖြစ်သွားသည်။ ဇင်မေက ဟားတိုက်၍ပင် ရယ်မောနေသေးသည်။ ခင်နှင်းမေက အောင်စိုးကိုကြည့်ပြီး ပြုံးပြနေလေသည်။ လှလိုက်သည့်အပြုံး။ အောင်စိုး၏ ရင်ခုန်သံသည် ပို၍ပင်မြန်ဆန်လာသည် ထင်ရ၏။

"ဘယ်လိုဖြစ်တုံး အောင်စိုးရဲ့။ စကားတွေတောင် ထစ်လို့ပါလား။ ဧကန္တတော့ ဧကန္တပဲ"

ဇင်မေက ခင်နှင်းမေကို မျက်စောင်းထိုးပြီး ပြောလေတော့ အောင်စိုးခေါင်းကုတ်ရသည်။

"နင်... နင်တို့တွေ ဘာ... ဘာမှာကြအုံးမလဲ၊ မှာစရာရှိရင် မှာလိုက်လေ"

သတိထား၍ ပြောနေသည်ကိုပင် စကားက ထစ်ချင်ချင်။

"ငါက မှာစရာမရှိပါဘူး။ ခင်နှင်းမေ ညည်းကော"

"မရှိပါဘူး။ ကျေးဇူးပဲနော်"

အပြုံးနှင့် တုံ့ပြန်သံက ချိုသာလွန်းလှသည်။ ခင်နှင်းမေ၏ မျက်နှာကို ကြည့်ချင်သေးသော်လည်း ရဲရဲမကြည့်ဝံ့။ တစ်ချက်တစ်ချက် လှည့်ကာကြည့်ပြီး အဝေးကိုသာ အကြည့်လွှဲရသည်။

"မရှိဘူးဆိုရင်လဲ ငါ... ငါ သွားမယ်။ ကားနောက်ကျနေမှာစိုးလို့"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြတော့ အောင်စိုးအနားကနေ ကျောခိုင်းခဲ့လိုက်သည်။ အောင်စိုးမျက်နှာက မှိုရသည့်နှယ် ပြုံးရွှင်နေပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၈၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက၃၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၄၅၈၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၂၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ စတဲ့အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ငရုတ်သီးခြောက်များ ဝယ်ယူမှုများပြားပြီးအရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်က ထွက်ရှိတဲ့ ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းတဲ့ ငရုတ်သီးတွေ ဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းနေတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေနေပါတယ်။ ငရုတ်သီးခြောက်တွေက ဒေသဈေးကွက် အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေကောင်းနေပါတယ်"ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ဂွေးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ဂွေးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၅၄ ဒသမ ၂၅ သန်းဖြင့်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လ အလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဂွေးကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၂ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၃ သန်းဖြင့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၂၅ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

## ဇာတိမာန်

\- တိုင်းပြည်ကို ချစ်သောစိတ်
တံဆိပ်နှိပ် ရင်မှာတွယ်၊
နေထိုင်နေ ပြည်သူအများ
သွေးသားသဖွယ်၊
ကိုယ့်ပိုင်နက် မြစ်ပြင်ကျယ်
မြေပြန့်ရယ် တောင်တစ်လျှောက်၊
တစ်လက်မကို မပျောက်ပျက်အောင်
လက်ကမ်းစောင့်ရှောက်။

\- မျိုးနွယ်ကို ချစ်သောစိတ်
တံဆိပ်နှိပ် ရင်မှာ၊
အချင်းချင်းကို ဖေးကူမ
ယုယကြင်နာ၊
အမုန်းကင်း အချစ်ကမ္ဘာ
တည်ဆောက်ကာ အတူတကွ၊
ကိုယ့်မျိုးနွယ် တိုးတက်ရေး
ကြိုးစားပေးကြ။

\- ဓလေ့ရိုးရာ ချစ်သောစိတ်
ရင်မှာတံဆိပ် ခတ်နှိပ်ကာ၊
ပုထိုးစေတီ ကျောင်းကန်ဇရပ်
မြင့်မြတ်နေရာ၊
ထိန်းသိမ်းလို့ စောင့်ရှောက်ပါ
သာသနာ တိုးတက်ရေး၊
ဇာတိမာန် မျိုးချစ်စိတ်
ထိပ်တန်းတင်ပေး။ ။

**ချစ်သက်(မြန်မာစာ)**

# အုတ်ဖိုမြို့နယ် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၄၈ သန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကမ္ဘာကြီးတွင်ဖြစ်ပေါ်နေသော ရေထုညစ်ညမ်းလာမှုနှင့် ရေအကျပ်အတည်းပြဿနာ

ရေသည် လူသားများအသက်ရှင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် အခြေခံသဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သည်။ လူ့ခန္ဓာကိုယ်ဖွဲ့စည်းမှုတွင် ရေသည် ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိပါဝင်နေသဖြင့် ရေမရှိဘဲ လူသားတို့သည် အသက်ရှင်နေထိုင်ရန်မဖြစ်နိုင်ချေ။ ရေသည် သောက်သုံးရန်အတွက်သာမက အစားအသောက်များချက်ပြုတ်ရေး၊ သန့်ရှင်းရေးလုပ်ငန်းများ၊ ကိုယ်လက်သန့်ရှင်းရေးနှင့် အိမ်သုံးလုပ်ငန်းများတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍတွင် အပင်များကြီးထွားရန် ရေသည် မဖြစ်မနေလိုအပ်သကဲ့သို့ စက်မှုလုပ်ငန်းများ၏လုပ်ငန်းစဉ်များတွင်လည်း ရေဖြင့် အအေးပေးခြင်း၊ သန့်စင်ခြင်း၊ ထုတ်လုပ်ခြင်းကိုကျယ်ပြန့်စွာအသုံးပြုကြရသည်။ ထို့အတူ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း ရေသည် အဓိကကျလှသည်။

**ကမ္ဘာ့ရေထု**

ကမ္ဘာမြေ၏ မျက်နှာပြင်အကျယ်အဝန်းကို ပိုင်းခြားကြည့်ပါက ရေထုသည် ၇၁ ရာခိုင်နှုန်း၊ မြေထုသည် ၂၉ ရာခိုင်နှုန်းရှိသဖြင့် ကမ္ဘာကြီးကို မြေထုထက် ရေထုက ပိုမိုဖုံးလွှမ်းထားသည်။ ကမ္ဘာတစ်ဝန်းကိုဖုံးလွှမ်းထားသည့် ရေပမာဏသည် သန်းပေါင်း ကုဗကီလိုမီတာ ၁၄၀၀ ရှိသည်။ ထိုရေပမာဏအနက် ရေငန်သည် သန်းပေါင်း ၁၃၆၅ ကုဗကီလိုမီတာ၊ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး လူသားများအသုံးပြု၍ရနိုင်သော ရေချိုပမာဏသည် သန်းပေါင်း ၃၅ ကုဗကီလိုမီတာ၊ ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ သန်းပေါင်း ၃၅ ကုဗကီလိုမီတာသာရှိသည့် ရေချိုကို ထပ်မံခွဲခြမ်းစိတ်ဖြာကြည့်သည့်အခါ ရေခဲတောင်များတွင် ရေခဲများအဖြစ် ၆၈ ဒသမ ၇ ရာခိုင်နှုန်း၊ မြေအောက်ရေအဖြစ် ၃၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် မြေပေါ်ရေအဖြစ် ၁ ဒသမ ၂ ရာခိုင်နှုန်းစသည်ဖြင့်တွေ့ရသည်။ အဆိုပါကိန်းဂဏန်းအချက်အလက်များအရ လူသားတို့အသုံးပြုနိုင်သည့်ရေချိုကိုရရှိရန်မှာ လွန်စွာခဲယဉ်းလှသည်ကို သိနိုင်ပေသည်။

**ရှားပါးလာသောရေချိုရင်းမြစ်**

လက်ရှိအချိန်တွင် ကမ္ဘာ့လူဦးရေသည် ၈ ဒသမ ၂၃ ဘီလီယံရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏ World Population Prospects(2025) အစီရင်ခံစာအရ သိရသည်။ ထို့ပြင် ကုလသမဂ္ဂက ထုတ်ပြန်ထားသည့် UN Water Facts 2025 အရ ကမ္ဘာ့လူဦးရေထဲမှ လေးပုံတစ်ပုံဖြစ်သော ၂ ဒသမ ၂ ဘီလီယံခန့်သည် သန့်ရှင်းမှုမရှိ၊ လုံခြုံစိတ်ချရမှုမရှိသော သောက်သုံးရေကို အသုံးပြုနေကြရသည်။ သန့်ရှင်းမှုမရှိ၊ လုံခြုံစိတ်ချရမှုမရှိသော သောက်သုံးရေကြောင့် နှစ်စဉ် ကလေးသူငယ်ဦးရေ ၁ ဒသမ ၄ သန်းခန့်သည် ဝမ်းပျက်ဝမ်းလျှောရောဂါကို ခံစားနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ပြန်ထားသဖြင့် ကမ္ဘာကြီးတွင် သဘာဝရေချိုအရင်းအမြစ်ရှားပါးမှုကို အရေးကြီးပြဿနာတစ်ရပ်အနေဖြင့် ဦးစားပေးဖြေရှင်းဆောင်ရွက်ရန် လိုအပ်လာသည်။

မျက်မှောက်ခေတ်၏ ရေရှားပါးမှု တစ်နည်းအားဖြင့် ရေအကျပ်အတည်းပြဿနာကို ကြီးထွားလာစေသည့်အကြောင်းရင်းများစွာရှိသည်။ ၎င်းတို့မှာ ရေကို အများအပြားအသုံးပြုရသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ အိမ်ထောင်စုအတွင်းအသုံးပြုမှုများ၊ အပန်းဖြေခြင်းဆိုင်ရာလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှုများ စသည်တို့ဖြစ်သည်။ ထိုသို့ အသုံးပြုမှုများသောကြောင့် ရေအကျပ်အတည်းပြဿနာသည် တစ်စတစ်စ ပို၍ကြီးထွားလာရသည်။

ထို့ပြင် ရေထုညစ်ညမ်းမှု၊ မိုးခေါင်မှုကဲ့သို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များက ရေအရင်းအမြစ်များကို ရှားပါးသည်ထက်ရှားပါးလာအောင် ခြိမ်းခြောက်လျက်ရှိနေသည်။ ရေချိုဖြစ်သော မြေအောက်ရေသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည်။ သို့သော် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် မြေအောက်ရေရရှိမှုများ တဖြည်းဖြည်းလျော့နည်းကာ ခန်းခြောက်လာရသည်။ ထို့ပြင် လူသားတို့၏ မဆင်မခြင်စည်းကမ်းမဲ့လုပ်ရပ်များ



ကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ညစ်ညမ်းလာခြင်းက ရေချိုရှားပါးမှုပြဿနာကို ပိုမိုဆိုးရွားစေလျက်ရှိသည်။ သဘာဝရေချိုအရင်းအမြစ်များထဲသို့ မိလ္လာအညစ်အကြေးများနှင့် အမှိုက်သရိုက်များစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင်သုံးသည့် ဓာတုဓာတ်မြေသြဇာပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းနှင့် အလွန်အကျွံအသုံးပြုမှုကြောင့် မြေဆီလွှာထဲသို့ စိမ့်ဝင်လာခြင်း၊ စက်မှုလုပ်ငန်းများမှထွက်သော ဓာတုစွန့်ပစ်ပစ္စည်းများကို ပင်လယ်ထဲသို့ စွန့်ပစ်ခြင်းများကြောင့် ရေချိုအရင်းအမြစ်ညစ်ညမ်းမှုများဖြစ်လာရသည်။

လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာတစ်ဝန်းရေလိုအပ်ချက်အကျပ်အတည်းကို မဖြေရှင်းနိုင်ပါက ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် သောက်သုံးရေအကျပ်အတည်းကို ကြုံတွေ့လာနိုင်သည်။

**သဘာဝရေချိုအရင်းအမြစ်များ**

သဘာဝရေချိုအရင်းအမြစ်များတွင် မြေမျက်နှာပြင်ရေ၊ မြေအောက်တွင်စီးဆင်းနေသော မြစ်ရေ၊ မြေအောက်ရေနှင့် ရေခဲများအဖြစ်ခဲနေသောရေများအပြင် နည်းပညာများဖြင့် ရေဆိုးများကိုပြန်လည်သန့်စင်ပိုးသတ်ထားသောရေနှင့် ပင်လယ်ဆားငန်ရေကို ကျိုချက်သန့်စင်ထားသောရေများပါဝင်သည်။ ထိုရေချိုအရင်းအမြစ်များထဲမှ လူတို့အဓိကထားအသုံးပြုကြသည့်ရေမှာ မြေမျက်နှာပြင်ရေဖြစ်ပြီး အဆိုပါရေကို မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် စိုစွတ်သောမြေတို့မှရရှိသည်။ မြေမျက်နှာပြင်ရေစနစ်၏ တစ်ခုတည်းသော သဘာဝအလျောက်သွင်းအားစုမှာ မိုးရွာသွန်းခြင်းဖြစ်သည်။ မိုးရွာသွန်းမှုဖြင့် မြေမျက်နှာပြင်ရေသည် သဘာဝအတိုင်း ရေကိုပြန်လည်ဖြည့်သွင်းပြီး ပိုလျှံသောရေများကို သမုဒ္ဒရာများဆီသို့စီးဆင်းသွားစေခြင်း၊ ရေငွေ့ပြန်စေခြင်းနှင့် မြေအောက်သို့ စိမ့်ဝင်သွားစေခြင်းတို့ကိုဖြစ်စေသည်။

**သဘာဝအလျောက် ရေဖြည့်တင်းသည့်စနစ် ချို့ယွင်းရမှု**

မြေမျက်နှာပြင်ရေကို သဘာဝအလျောက် ရေပြန်လည်ဖြည့်တင်းသည့်စနစ် ချို့ယွင်းအောင် လုပ်ဆောင်နေသည့်အချက်များစွာရှိသည်။ လူသားများသည် မိုးရေကိုတိုးမြှင့်စုဆောင်းရန်အတွက် အကျယ်အဝန်း ထုထည်ပမာဏကြီးမားသည့် ရေလှောင်ကန်များတည်ဆောက်ခြင်း၊ သဘာဝရေဝပ်မြေများကိုမြေဖို့၍ အဆောက်အအုံများဆောက်လုပ်ခြင်း၊ လူလုပ်ဆည်၊ ကန်များကို တူးဖော်ခြင်း၊ ထိုတူးဖော်ထားသောနေရာများဆီသို့ ရေစီးရေလာကောင်းအောင်မြောင်းများတူးခြင်းဖြင့် မြေဆီလွှာက ရေကိုမစုပ်ယူနိုင်တော့ဘဲ အရှိန်အဟုန်ဖြင့် လူလုပ်ကန်များဆီသို့ စီးဆင်းလာစေသည့်အတွက် သဘာဝအတိုင်းမြေအောက်ရေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၏သဘာဝအတိုင်း ရေပြန်လည်ဖြည့်တင်းသည့်စနစ်ချို့ယွင်းလာသည်။ ထိုအခါ ရေအကျပ်အတည်းပြဿနာသည် ပိုမိုကြီးထွားလာသည်။

ထို့ပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများသည်လည်း ကမ္ဘာတစ်ဝန်းရှိ ရေအရင်းအမြစ်များအပေါ် သိသိသာသာသက်ရောက်မှုရှိသည်။ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသောအပူချိန်သည် မြေပေါ်ရေကို ရေငွေ့ပြန်မှုဖြစ်စေသည်။ ရေငွေ့ပြန်မှုသည် မိုးရွာသွန်းမှုကို ဖြစ်စေသည်။ သို့သော်လည်း မျက်မှောက်ကာလတွင် ဒေသအလိုက် မိုးရွာသွန်းမှုများညီမျှမှုမရှိတော့ဘဲ နိုင်ငံတစ်နိုင်ငံတည်း၌ပင် ဒေသတစ်ခုနှင့်တစ်ခု အစွန်းရောက်ရာသီဥတုဖြစ်စဉ်များဖြစ်သော မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်းတို့ဖြစ်လာသည်ကို တွေ့ရသည်။

**ရေအသုံးပြုမှုမြင့်တက်လာခြင်း**

ကမ္ဘာလုံးဆိုင်ရာရေအသုံးပြုမှု မြင့်တက်လာခြင်း၏အဓိကအကြောင်းရင်းမှာ ကမ္ဘာ့လူဦးရေတိုးလာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ စားသုံးမှုပုံစံများပြောင်းလဲခြင်း၊ ဆည်ရေသောက်စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းတို့ကြောင့်ဖြစ်သည်။ ရှားပါးလာသည့်ရေချိုများကို မိုးခေါင်ရေရှားမှု၊ ရေကြီးရေလျှံမှု၊ သစ်တောပြုန်းတီးမှု၊ စွန့်ပစ်ပစ္စည်းများကြောင့် ရေထုညစ်ညမ်းလာမှုနှင့် ရေကို မလိုအပ်ဘဲဖြုန်းတီးပစ်မှုတို့က ဖျက်ဆီးနေသည်ဟု ဆိုနိုင်သည်။

**ညစ်ညမ်းရေများသုံးခြင်းက ဖြစ်လာနိုင်သော ကျန်းမာရေးဆိုးကျိုး**

လက်ရှိကာလတွင် ရေရှားပါးမှုအကျပ်အတည်းအပြင် သောက်သုံးရေများ၏ အရည်အသွေးများလည်း ကျဆင်းလာသည်ကိုတွေ့ရသည်။ ရေအရည်အသွေးကျဆင်းခြင်းဆိုသည်မှာ သန့်ရှင်းမှုမရှိ၊ လုံခြုံစိတ်ချရမှုမရှိသော ရေအရင်းအမြစ်များကို ဆိုလိုသည်။

ပြုပြင်သန့်စင်ထားခြင်းမရှိသည့် ညစ်ညမ်းရေကို သောက်သုံးမိပါက ကိုယ်ခန္ဓာတွင် တုံ့ပြန်မှုများဖြစ်ကာ ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ခြင်းတို့ဖြစ်စေသည်။ ပြုပြင်သန့်စင်ထားခြင်းမရှိသည့် ညစ်ညမ်းရေတွင် ရောဂါပိုးများပါဝင်လျက်ရှိသည်။ ထို့ကြောင့် နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် လူပေါင်းများစွာသည် ရေမှတစ်ဆင့် ကူးစက်သည့်ရောဂါများကြောင့် သေဆုံးနေကြရသည်။ ရေမှတစ်ဆင့် ကူးစက်နိုင်သည့်ရောဂါများတွင် တိုက်ဖွိုက်၊ ကာလဝမ်းရောဂါ၊ ပါရာတိုက်ဖွိုက်၊ ဝမ်းကိုက်ခြင်း၊ အမီးဘားပိုးဝင်ခြင်းတို့အပြင် အသည်းရောင်ရောဂါနှင့် ဝမ်းလျှောရောဂါများလည်းပါဝင်သည်။

ထိုညစ်ညမ်းရေတွင် ဓာတုဓာတ်ပစ္စည်းများပါဝင်ခြင်းက သုံးစွဲသူများအပေါ် ဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ ညစ်ညမ်းရေတွင် အောက်ပါဓာတ်များ ပျော်ဝင်နေတတ်သည်။ ၎င်းတို့မှာ ကာဗွန်နိတ်၊ အော်ဂနိုဖော့စဖိတ်ကာဗွန်နိတ်၊ နိုက်ထရိတ်၊ ခဲ၊ အာဆင်းနစ်၊ ဖလူအိုရိုဒ်၊ ရေနံနှင့် ဆက်စပ်ဓာတ်ပစ္စည်းများ စသည်တို့ဖြစ်သည်။

ကာဗွန်နိတ်နှင့် အော်ဂနိုဖော့စဖိတ်ဓာတ်များသည် လူ့အာရုံကြောစနစ်ကို ထိခိုက်စေခြင်း၊ ကင်ဆာဖြစ်ပွားစေခြင်း စသည့်ဆိုးကျိုးများကို ဖြစ်စေသည်။ ထို့ပြင် မျိုးဆက်ပွားကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ညစ်ညမ်းရေတွင်ပါသည့် နိုက်ထရိတ်ဓာတ်သည် ဦးနှောက်ထဲရှိ အောက်ဆီဂျင်ပမာဏကိုလျော့နည်းစေသည်။ ထို့ပြင် ခဲသည် ကိုယ်ခန္ဓာ၏ ဗဟိုအာရုံကြောစနစ်ကိုထိခိုက်စေပြီး အာဆင်းနစ်ဓာတ်သည် အသည်း၊ အရေပြားကင်ဆာ၊ သွေးကြောဆိုင်ရာရောဂါများကို ဖြစ်စေသည်။ ဖလူအိုရိုဒ်သည် ပမာဏများလာသည့်အခါ သွားများကို ဝါစေခြင်း၊ ကျောရိုးအာရုံကြောမကြီးကို ထိခိုက်စေခြင်းစသည်တို့ကိုဖြစ်စေနိုင်သည်။ ရေနံနှင့်ဆက်စပ်ဓာတ်ပစ္စည်းများကမူ ပမာဏအနည်းငယ်သာ ကိုယ်ခန္ဓာအတွင်းဝင်ရောက်ခြင်း၊ ထိတွေ့ခြင်းများမှသည် ကင်ဆာရောဂါဖြစ်စေသည်ထိ ဖြစ်နိုင်သည်။

အချုပ်အားဖြင့်ဆိုရလျှင် လူသားအားလုံးအတွက် မရှိမဖြစ်အရေးပါသည့် ရေချိုအရင်းအမြစ်များမညစ်ညမ်းစေရေး လူသားတစ်ဦးချင်းစီကတစ်နိုင်တစ်ပိုင် လုပ်ဆောင်နိုင်သည်များဖြစ်သော အမှိုက်များကို မြစ်၊ ချောင်း၊ ရေကန်များအတွင်း စွန့်ပစ်ခြင်းမပြုလုပ်ခြင်းမှ အစပြုဆောင်ရွက်သွားကြရပါမည်။

ထို့ပြင် ရေသည် လူသားအသက်ရှင်သန်ရေး၊ လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အလွန်တန်ဖိုးကြီးသည့် သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သဖြင့် လူသားအားလုံးသည် ရေအရင်းအမြစ်များကို ချွေတာအသုံးပြုကာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**


- Water Scarcity in 2025: The World's Biggest Crisis and How We Can Solve It.


**မေဇင်ထွန်း**

# မျိုးချစ်စိတ်နှင့် ဇာတိမာန်ကိုထက်သန်စေသောတေး

ကိုဇော်ငွေး(ယဉ်ကျေးမှု)

**❖ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာကြီးမပျောက်ပျက်သွားသရွေ့ တည်ရှိနေရမည်။ ကမ္ဘာတည်သရွေ့ မြန်မာဟူသည် ရှိနေရမည်ဟူသည့် စကားလုံးတို့ဖြင့် စတင်ဖွင့်လှစ်ပြထားသည်။ ဇာတိမာန်တေး သို့မဟုတ် ဇာတိမာန်သီချင်းအတိုင်း အဓိဋ္ဌာန်မြောက်နိုင်ရန် ဒို့တာဝန်အရေးသုံးပါးသည် လိုအပ်လာတော့သည်။ ဒို့တာဝန် အရေးသုံးပါးသည် ဇာတိမာန်တေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်လာခဲ့တော့သည်။ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တို့လည်း ပိုမိုခိုင်မြဲသင့်သည်။ ❖**

အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတိုင်း၌ နိုင်ငံတော်သီချင်းများရှိသည်။ နိုင်ငံတော်သီချင်းဆိုသည်မှာ အမျိုး၊ ဘာသာ၊ သာသနာ့ဂုဏ်ကို ကြီးမြင့်အောင်ချီးမြှင့်ရေးစပ်ထားသည့်သီချင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားသီချင်း သို့မဟုတ် ဇာတိမာန်တေးသံဟုလည်း ခေါ်ဆိုနိုင်သည်။ "ငါတို့လူမျိုးကား ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ထည်ထည်ဝါဝါခမ်းခမ်းနားနားနေခဲ့သော သခင်မျိုးဖြစ်သည်။ ငါတို့လူမျိုးကား သယံဇာတပေါကြွယ်ဝ၍ မြင့်မြတ်သောနိုင်ငံတွင် နေထိုင်သောလူမျိုးဖြစ်သည်" ဟူသောအချက်အပေါ်တွင်မှီပြီး အမျိုးဂုဏ်မြင့်မားခြင်း၊ မျိုးချစ်စိတ်ထက်သန်ခြင်း၊ လွတ်လပ်မှုကိုမြတ်နိုးခြင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးခြင်း၊ နိုင်ငံတည်ဆောက်ခြင်း၊ အဖျက်ရန်ကိုတော်လှန်ခြင်း စသည်တို့ကို အကြောင်းပြု၍ ရေးဖွဲ့သီဆိုသောတေးသီချင်းများသည် ဇာတိမာန်တေးများပင်ဖြစ်သည်။

ဇာတိမာန်ဟူသည် ပါဠိနှင့် ပါဠိသက်ဝေါဟာရကို ပေါင်းစပ်ထားသည့် စကားလုံးဝေါဟာရပင်ဖြစ်သည်။ ဇာတိသည် ပါဠိစကားဖြစ်၍ မာန်သည် ပါဠိစကား "မာန"မှ ဆင်းသက်လာသည်။ ဇာတိကို လေးမျိုးတွေ့နိုင်သည်။ ၁။ ပဋိသန္ဓေနေခြင်း သို့မဟုတ် ပဋိသန္ဓေ၊ ၂။ အမျိုးအနွယ် သို့မဟုတ် မျိုးရိုး၊ ၃။ မွေးဖွားရာအရပ်၊ ၄။ မူလဖြစ်ခြင်း၊ အစစ်ဖြစ်ခြင်း သို့မဟုတ် ပကတိ ဟူ၍တွေ့နိုင်သည်။

တေးဟူသည် သီချင်းဖြစ်၍ ဇာတိမာန်တေးသည် ဇာတိမာန်သီချင်းပင်ဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်က နိုင်ငံတော်သီချင်းဟူ၍မရှိခဲ့ပြား ဘုရင်မင်းမြတ်များ၏ ဘုန်းတန်ခိုးအာဏာကို ချီးကျူးရေးစပ်ထားသော ဘုန်းတော်ဘွဲ့သီချင်းများကို တစ်နည်းအားဖြင့် နိုင်ငံတော်သီချင်း သို့မဟုတ် အမျိုးသားတေးသံဟု မှတ်ယူနိုင်ပေသည်။

ဘုန်းတော်ဘွဲ့ သီချင်းများသည် မိမိနိုင်ငံကို သော်လည်းကောင်း၊ မိမိအမျိုးဘာသာ၊ သာသနာကိုသော်လည်းကောင်း ချစ်ခင်လေးမြတ်လာစေရန် သီကုံးထားသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့်- "နန်းဘုံသီဟာသွေ၊ သဋ္ဌာညောင်ရွှေ၊ ရွှန်းဝေထိန်ပြောင်၊ ညီနောင်ဆက်ကာ၊ ပိုင်စိုးစံတော့တာ။ အို... ဆင်ဖြူဆန္ဒန်၊ ဆက်ပြန်လိုငြား၊ မရှားလိုရာ၊ ဘုန်းတော်တေဇ၊ ဒေဝနတ်မောင်၊ ရွက်ဆောင်ကျိုးတော်သာ။ ဘုန်းတော်ကြီး...ထီးတစ်ရာ၊ စကြာစိုးတယ်၊ မိုးဖြဟ္မာ၊ ထူးထွေလာညောင်း၊ ကောင်းကြီးငြာ........"ဟူသည့် ဘုန်းတော်ဘွဲ့သီချင်းပါစာသားများ၊ တစ်ဖန်- "မြမန်းဂီရိ သေလာတောင်၊ နန်းတည်ထောင် ဘုန်းရောင်နေသို့လင်း၊ နောင်ညီကို၊ ရွှေဘိုနွယ်တော်ရင်း၊ ရာဆူဆူ ပြည်သူခဝပ်ဆင်း၊ ရွှေဘုန်းတော် နှုန်းလျော်စံပျော်ခင်း၊ တေဇာတိုးလို့ဖြိုးဝေ၊ မန်းဌာနေ...အောင်ဇေယျာပြည်မင်း....." ဟူသည့် ဘုန်းတော်ဘွဲ့ပါ စာသားများသည် မိမိတို့နိုင်ငံ၊ မိမိတို့၏ လက်ရှိအခြေအနေ စသည့်တို့ကို မီးမောင်းထိုးပြရင်း မိမိတို့ကိုအုပ်စိုးသည့် ရာဇာတို့အားလည်းကောင်း၊ မိမိတို့ရေမြေနိုင်ငံကို ချစ်မြတ်နိုးစေရန်လည်းကောင်း၊ အမျိုးသားရေး၊ မျိုးချစ်စိတ်တို့ကို လှုံ့ဆော်သည့်တေးများပင်ဖြစ်ခဲ့တော့သည်။

ဗြိတိသျှနယ်ချဲ့အစိုးရသည် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် မြန်မာတစ်နိုင်ငံလုံးကို တိုက်ခိုက်သိမ်းပိုက်လိုက်ခဲ့ရာ မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပါယာအတွင်းသို့ သက်ဆင်းကျရောက်ခဲ့ရသည့်နောက်ပိုင်းတွင် "အကျွန်ုပ်တို့၏ဘုရင်ကို ဘုရားသခင်ကာကွယ်စောင့်ရှောက်တော်မူပါ"ဟု အစချီသော ဗြိတိသျှအမျိုးသားသီချင်း သို့မဟုတ် ဗြိတိန်နိုင်ငံတော်သီချင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးပျံ့နှံ့ခဲ့သည်။ မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် တို့ဗမာအစည်းအရုံးဟူ၍ပေါ်ပေါက်လာသောအခါ မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားသီချင်းဟုဆိုရမည်ဖြစ်သော တို့ဗမာသီချင်းပေါ်ပေါက်လာခဲ့သည်။ တို့ဗမာသီချင်းကို ရေးစပ်ခဲ့သူမှာ ဝိုင်အမ်ဘီဆရာတင်ဖြစ်သည်။ ဝိုင်အမ်ဘီဆရာတင်သည် ခေတ်ပညာတတ်တစ်ဦးဖြစ်၍ ဂီတအနုပညာရှင်ကျောင်းဆရာလည်းဖြစ်သည်။

တို့ဗမာအစည်းအရုံးဝင်ဖြစ်လာသောအခါ သခင်တင်ဟုတွင်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် ဆရာတင်ကို နိုင်ငံတော်အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခဲ့သည်။ ဆရာတင်သည် တို့ဗမာအစည်းအရုံးဝင်သခင်များ၏ တာဝန်ပေးတိုက်တွန်းချက်အရ ထိုသီချင်းကိုရေးစပ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တစ်ခေတ်လုံး တို့ဗမာသီချင်းသည် မြန်မာတို့၏ အမျိုးသားသီချင်းအဖြစ် ရပ်တည်ခဲ့လေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်လာသည်။ အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်လာသည်နှင့်တစ်ပြိုင်နက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းကြရသည်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇွန် ၁၈ ရက် ဗုဒ္ဓဟူးနေ့တွင်ကျင်းပသော မြန်မာနိုင်ငံတိုင်းပြည်ပြုလွှတ်တော်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးတွင် ဤကိစ္စကိုကြိုတင်၍ မြင်းခြံကျေးလက်တောင်ပိုင်းအမတ် ဦးဘဂျမ်းက နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့အတွက် စဉ်းစားထောက်ခံရေး ကော်မတီခန့်ရန် အဆိုတင်သွင်းသည်။ ၎င်းအဆိုကို လွှတ်တော်တစ်ရပ်လုံးက သဘောတူညီခဲ့ရာ ဒီးဒုတ်ဦးဘချိုကို သဘာပတိအဖြစ်ဖြင့်ဦးဆောင်စေ၍ ကော်မတီကိုဖွဲ့စည်းခဲ့လေသည်။

ထိုကော်မတီမှ တို့ဗမာသီချင်းစာသားစကားလုံးများကိုကောက်နုတ်၍ တေးသွားကို မူလအတိုင်း အပြည့်အဝယူကာ နိုင်ငံတော်သီချင်းမူကို တင်ပြကြသည်။ သခင်တင်အမှူးပြုသောကော်မတီကတင်ပြသည့် နိုင်ငံတော်သီချင်းမူကို ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်တချို့တို့က သီချင်းစာသားအနည်းငယ်ပြင်ဆင်၍ လက်ခံခဲ့ကြလေသည်။ ထိုသီချင်းမှာ- "အမျိုးသားရေးကြိုးပမ်းစို့လေ၊ ဒို့ပြေ ဒို့မြေ၊ အရှေ့က နေဝန်း ထွန်းသစ်စပုံသို့ ဒို့ဆောင်သမျှအောင်ရမည်မှာမလွဲပေ၊ ဒို့ပြေ ဟေ့ ဒို့မြေ၊ ဒို့ ပြည်ထောင်စုပေ။ ဒို့တစ်တွေရဲ့ပြေ၊ ဒို့တစ်တွေရဲ့ မြေ၊ တိုင်းရင်းသားအမွေ။" (ကမ္ဘာမကျေ ဗမာပြေ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ)၂ ဒါဒို့ပြေ ဒါဒို့မြေ၊ ဒို့ ကိုယ်ပိုင်မြေ၊ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ဒို့ပြေ ဒို့မြေ၊ အကျိုးကို ကာကွယ်သည်ပိုးမလေ၊ ဒို့ ပြည်ထောင်စု အမွေ အဖိုးတန် ဤမြေ ဒို့တာဝန်ပေ။" နိုင်ငံတော်သီချင်းမူကို လက်ခံအတည်ပြုရန်အတွက် ၁၉၄၇ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင်ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် တတိယညီလာခံ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေး၌တင်ပြဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် မန္တလေးမြို့အနောက်တောင်ပိုင်းအမတ် ဗိုလ်ခင်မောင်လေးက ပြင်ဆင်ချက်တင်သွင်း၍ မြန်အောင်ဦးတင်က ထောက်ခံခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်သီချင်းမူမှာ ဝိုင်အမ်ဘီဆရာတင်၏ မူလတေးသွားအတိုင်းပင်ဖြစ်သော်လည်း သီချင်းစာသား၌ ပြင်ဆင်ချက်များပါဝင်ခဲ့ရပြန်လေသည်။ သို့သော်အဆိုပါ ပြင်ဆင်ချက်ကိုပင် လွှတ်တော်တစ်ရပ်လုံးက လက်ခံအတည်ပြုခဲ့သည်။ အတည်ပြုခဲ့သော နိုင်ငံတော်သီချင်းသည် နိုင်ငံရေးလှိုင်းလုံးများကြားဝယ် ယနေ့တိုင် ခိုင်မြဲတည်ရှိနေဆဲဖြစ်သည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၁၃)၊ပုဒ်မ ၄၃၉ (က)တွင် "နိုင်ငံတော်သီချင်းအဖြစ် အောက်ဖော်ပြပါ လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်"ဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည် - တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်၊ တို့ပြည်- တို့မြေ၊ ပြည်ထောင်စု အမွေ-အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ- ထိန်းသိမ်းစို့လေ။ (ကမ္ဘာမကျေ မြန်မာပြည် တို့ဘိုးဘွားအမွေစစ်မို့-ချစ်မြတ်နိုးပေ)၂ ပြည်ထောင်စုကို အသက်ပေးလို့-တို့ကာကွယ်မလေ။ ဒါတို့ပြည်-ဒါတို့မြေ တို့ပိုင်နက်မြေ။ တို့ပြည်-တို့မြေ အကျိုးကို ညီညာစွာ-တို့တစ်တွေ ထမ်းဆောင်ပါစို့လေ-တို့တာဝန်ပေ အဖိုးတန်မြေ။

တေးဂီတဟူသည်မှာ အနုပညာတစ်ရပ်ပင်ဖြစ်သည်။ မည်သည့်အနုပညာရပ်တွင်မဆို စံမီသော အနုပညာပစ္စည်းတစ်ခုဖြစ်လာရန်အတွက် အကြောင်းအရာနှင့် ပုံသဏ္ဌာန်နှစ်ရပ်စလုံး ကောင်းမွန်ပြီး အကြောင်းအရာရော ပုံသဏ္ဌာန်ပါအချိုးအစားကျကျ လိုက်ဖက်ညီထွေရှိရန် လိုအပ်လေသည်။ သို့မှသာ အနုပညာမြောက်မည်ဖြစ်သည်။ အနုပညာမြောက်မှသာ သီဆိုသူတိုင်း၏နှုတ်ထဲတွင် စွဲမြဲခိုင်ကျည်နေမည်ဖြစ်သည်။

အနုပညာသည် သာယာမှုသဘောသက်သက်ဖြင့် အဆုံးသတ်နေသည်မဟုတ်ပေ။ ခေတ်အဆက်ဆက်ကိုဖြတ်သန်းကာ နည်းစနစ်များဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် အနုပညာသည်လည်း ဖွံ့ဖြိုးတိုးတက်လာလေသည်။ အနုပညာသည် လက်ရှိဘဝကိုဖွဲ့သည်။ လူ့လောကကြီး၏ အခြေအနေများကို ဖော်ပြသည်။ ထိုမှတစ်ဖန် လူတို့၏စိတ်ကိုနိုးကြားလာအောင်၊ တက်ကြွလာအောင် လှုံ့ဆော်ပေးသည်။ ရုရှားစာရေးဆရာ လီယိုတော်စတွိုင်းက "အနုပညာသည် လူအများကို ညီညွတ်ပေါင်းစည်းစေရာ နည်းလမ်းဖြစ်သည်"ဟု ရေးဖွဲ့သည်။ အနုပညာက ဆက်သွယ်ဖော်ကျူးလိုက်သောခံစားမှုကို အတူတကွ ခံစားကြကာ နီးစပ်ပေါင်းစည်းမိလာခြင်းသဘောကို ဆိုလိုခြင်းဖြစ်သည်။

"ကမ္ဘာမကျေ ဗမာပြေ၊ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ စာသားပါ "ဒို့ဗမာ"သီချင်းမှာ အမျိုးသား လွတ်မြောက်ရေးစိတ်ဓာတ်ကို နိုးကြားအောင် လှုံ့ဆော်နိုင်စွမ်းရှိသည်။ ပြည်သူတို့မှာ အဆိုပါ သီချင်းကို သီဆိုရင်း ကြက်သီးမွေးညှင်းထခဲ့ကြသည်။ ပြည်သူတို့မှာ လွတ်လပ်ရေးရရှိရန်အလို့ငှာ တိုက်ပွဲဝင်လာကြသည်။ လွတ်လပ်ရေးရရှိရန်ဟူသည့် ခံစားမှုပါသောကြောင့်ဖြစ်သည်။

ဇာတိမာန်တေးမည်သော နိုင်ငံတော်သီချင်းတွင် ပီပြင်သော၊ အနုပညာမြောက်သော၊ စံမီသော ဇာတိမာန်တေးဖြစ်လာရန် အကြောင်းအရာရော ပုံသဏ္ဌာန်ပါ ကောင်းမွန်နေသည်ကို တွေ့ရသည်။ အကြောင်းအရာဟူသည်မှာ တွေးခေါ်ယူဆပုံမှန်ကန်ခြင်းနှင့် စာသားပီပြင်ပြောင်မြောက်ခြင်းပင်ဖြစ်ပြီး ပုံသဏ္ဌာန်ဟူသည်မှာ သံစဉ်တေးသွားဖွဲ့စည်းပုံပြေပြစ်သာယာညက်ညောခြင်းပင်ဖြစ်သည်။

၁၉၄၇ ခုနှစ် တိုင်းပြည်ပြုလွှတ်တော်သည် မြန်မာနိုင်ငံရေးကို အရှည်မြော်တွေးကြခဲ့ကြောင်း နိုင်ငံတော်သီချင်း၏စာသားပါ စကားလုံးတစ်လုံးချင်းစီက ပြောပြနေပေသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းသည် နိုင်ငံသားတိုင်းလိုလားသောဆန္ဒဖြစ်သည်။ တရားမျှတခြင်းရှိမှသာလျှင် စိတ်သည် တည်ငြိမ်အေးချမ်းနေမည်ဖြစ်သည်။ လွတ်လပ်ခြင်းရှိမှသာလျှင် ကိုယ်သွားတိုင်းစိတ်ပါကာ သာယာချမ်းမြေ့မည်ဖြစ်လေသည်။ သီချင်း၏ ခြေဆင်းပြီးသည်နှင့် ကမ္ဘာမကျေမြန်မာပြည်ဟူ၍ စတင်သီဆိုကြသည်။ စကားလုံးတစ်လုံးချင်းစီသည်များစွာသက်ရောက်သည်။ "ကျေ"ဟူသည် ပျောက်ပျက်သွားသည်၊ ပြေငြိမ်းပြီးပြတ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာကြီးမပျောက်ပျက်သွားသရွေ့ တည်ရှိနေရမည်။ ကမ္ဘာတည်သရွေ့ မြန်မာဟူသည် ရှိနေရမည်ဟူသည့် စကားလုံးတို့ဖြင့် စတင်ဖွင့်လှစ်ပြထားသည်။ ဇာတိမာန်တေး သို့မဟုတ် ဇာတိမာန်သီချင်းအတိုင်း အဓိဋ္ဌာန်မြောက်နိုင်ရန် ဒို့တာဝန်အရေးသုံးပါးသည်လိုအပ်လာတော့သည်။ ဒို့တာဝန်အရေးသုံးပါးသည် ဇာတိမာန်တေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်လာခဲ့တော့သည်။ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တို့လည်း ပိုမိုခိုင်မြဲသင့်သည်။ သီချင်းစာသားအကြောင်းအရာက မျိုးချစ်စိတ်ထက်သန်စေသောစိတ်ပေါ်ထွန်းစေသော စာသားများဖြစ်ပြီး တေးသွားသံစဉ် ဆန်းသစ်နက်နဲလှသည်။ ထို့ကြောင့် ဇာတိမာန်သီချင်းကို ရင်မှလာသော စေတနာများဖြင့် ဟစ်ကြွေးသီဆိုသင့်ပေသည်။ ဟစ်ကြွေးသီဆိုရင်း ဇာတိမာန် တေးသည် အနာဂတ်ကာလများတိုင် မယိမ်းမယိုင်တည်တံ့နေမည်ဖြစ်ပြီး နိုင်ငံသားတိုင်းထိန်းသိမ်းရမည့် အမွေသာဖြစ်ပါတော့သည်။

**ကိုးကား**

**- မြန်မာစွယ်စုံကျမ်း၊ အတွဲ(၆)(စာပေဗိမာန်)**

**- ဇာတိမာန်တေးစာတမ်းများ(စာပေဗိမာန်)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဉာဏ်ပညာရှိသောယုန်ကလေး

မင်္ဂလာပါ ကလေးတို့ရေ။ ဒီတစ်ပတ် ဦးဦး ပြောပြမဲ့ပုံပြင်လေးကတော့ **"ဉာဏ်ပညာရှိသော ယုန်ကလေး"**ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းက တောကြီးတစ်တောမှာ ခြင်္သေ့ကြီး တစ်ကောင်ရှိသတဲ့ကွယ်။ ခွန်အားဗလကြီးပြီး သားကောင်တွေကိုသတ်ဖြတ်တဲ့နေရာမှာ အလွန်လျင်မြန်တာကြောင့် တစ်တောလုံးမှာရှိကြတဲ့ သားကောင်ကလေးတွေက ခြင်္သေ့ကြီးကိုကြောက်ကြသတဲ့ကွယ်။ ခြင်္သေ့ကြီး တောထဲထွက်လာပြီဆိုတဲ့ အသံကြားတာနဲ့ အကုန်လုံးဝင်ပြေးပြီး ပုန်းကြသတဲ့ကွယ်။

တစ်နေ့မှာတော့ တောထဲမှာရှိကြတဲ့ တိရစ္ဆာန်ကလေးတွေကို ခြင်္သေ့ကြီးက "ငါ့ရဲ့တောအုပ်ထဲမှာ နေကြတဲ့ သားကောင်ကလေးတွေ၊ သင်တို့ ဒီတောအုပ်ထဲမှာ ကောင်းကောင်းမွန်မွန်နေချင်ရင် ငါ့ကို တစ်ပတ်တစ်ခါ သားကောင်ဆက်သရမယ်။ ဒီလိုသားကောင်မဆက်သရင် တစ်တောလုံးမှာရှိတဲ့ သားကောင်မှန်သမျှ လိုက်လံဖမ်းဆီး စားသောက်မယ်"လို့ ကြိမ်းဝါးလိုက်သတဲ့ကွယ်။

ခြင်္သေ့ကြီးရဲ့ ကြိမ်းဝါးသံကိုကြားလိုက်ရတဲ့ ဝက်ဝံကြီးဟာ အလွန်ထိတ်လန့်သွားသတဲ့ကွယ်။ သူနဲ့အတူ တောအုပ်ကြီးထဲမှာ ရင်းနှီးချစ်ခင်စွာ နေထိုင်ကြတဲ့ အပေါင်းအဖော်တွေကို ခြင်္သေ့ကြီး ကြိမ်းဝါးတဲ့အကြောင်းပြောပြဖို့ အပြေးအလွှား ပြေးသွားလေသတဲ့ကွယ်။ ဒီတော့ တောအုပ်ထဲမှာ နေထိုင်ကြတဲ့ သားကောင်ကလေးတွေစုဝေးပြီး တိုင်ပင်ကြသတဲ့ကွယ်။ တစ်ပတ်တစ်ခါ ခြင်္သေ့ကြီး အတွက် သားကောင်ဆက်သရမှာ ဖြစ်တာကြောင့် အလှည့်ကျမဲနှိုက်ပြီး ပေါက်တဲ့သူ ခြင်္သေ့ကြီးရဲ့ဂူကို သွားရမယ်လို့ ဆုံးဖြတ်လိုက်ကြသတဲ့ကွယ်။ ဒီလိုနဲ့ တစ်ပတ်တစ်ခါ မဲပေါက်တဲ့သူက ခြင်္သေ့ကြီးဆီ အစားခံရဖို့ သွားကြရသတဲ့ကွယ်။ ခြင်္သေ့ကြီး တစ်ပတ်တစ်ခါ ပုံမှန်အစာရနေတာကြောင့် အရင်လိုတောအုပ်ထဲက တွေ့သမျှသားကောင်တွေကို မစားသောက်တော့ဘူးပေါ့ကွယ်။

ဒီလိုတစ်ပတ်တစ်ခါ ခြင်္သေ့ကြီးအတွက် အစာဆက်သရပေမဲ့ လတွေ၊ နှစ်တွေချီပြီး ကြာလာတော့ အခက်တွေ့ရပြန်သတဲ့ကွယ်။ သားကောင်ကြီးတွေကို ဆက်သရတာများလာတော့ သားကောင်ငယ်ကလေးတွေသာ ကျန်နေတော့တာပေါ့ကွယ်။ ဒီလိုနဲ့တစ်နေ့မှာတော့ သားကောင်ငယ်ကလေးတွေ အလှည့်ကျရောက်လာတာပေါ့ကွယ်။ သားကောင်ငယ်ကလေးတွေမဲနှိုက်ကြတော့ ခါငှက်ကလေးတစ်ကောင် မဲပေါက်သတဲ့ကွယ်။ ခါငှက်ကလေးက မဲပေါက်တယ်



ဆိုကတည်းက ငိုရှာသတဲ့ကွယ်။ သူ့မှာ လူသားတွေလေးခွနဲ့ပစ်လို့ ခြေထောက်ကျိုးနေတဲ့မိခင်အိုကြီးကို အစာရှာကျွေးနေရတာကြောင့် မသွားချင်ကြောင်းကို ငိုပြီးပြောရှာသတဲ့ကွယ်။

ခါငှက်ကလေး ဘယ်လောက်ပဲငိုယိုပြီးပြောနေပေမဲ့ ဘယ်သားကောင်မှ ခါငှက်ကလေးရဲ့စကားကိုနားမထောင်ဘဲ ရေငုံနှုတ်ပိတ်နေကြသတဲ့ကွယ်။ ဘာကြောင့်လဲဆိုတော့ ခြင်္သေ့ကြီးဆီမှာ အသေခံကြရမှာမို့ ဘယ်သူကမှ အသက်သေမခံနိုင်လို့ ဘာစကားမှမပြောဘဲ နေကြတာပေါ့ကွယ်။

ဒီအကြောင်းအရာကို သိသွားတဲ့ယုန်ကလေးက သူခြင်္သေ့ကြီးဆီ ခါငှက်ကလေးအစား သွားပေးပါ့မယ်လို့ ပြောလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ယုန်ကလေးဟာ ခြင်္သေ့ကြီးနေတဲ့ ဂူဝနားရောက်လာသတဲ့ကွယ်။ ဂူဝရောက်တော့ "ခြင်္သေ့ကြီး နေ့လယ်စာစားသောက်ဖို့ ရောက်လာတာပါခင်ဗျာ"ဆိုပြီး အော်ပြောလိုက်သတဲ့ကွယ်။ ခြင်္သေ့ကြီးလဲ ဂူထဲကထွက်လာပြီး ဂူပေါက်ဝက ယုန်ကလေးကိုမြင်တော့ "ငါ့အတွက် ဒီလောက်သေးတဲ့အကောင် လွှတ်ရသလားကွ"ဆိုပြီး စိတ်ဆိုးရှာသတဲ့ကွယ်။ အဲဒီအချိန် ယုန်ကလေးက "အသင် ခြင်္သေ့ကြီးကသာ သားကောင်သေးတယ်ဆိုနေတာ။ ကျွန်တော်တို့မှာ အသင်ခြင်္သေ့ကြီးလို ခွန်အားကြီးတဲ့ ခြင်္သေ့ကြီး နောက်တစ်ကောင်ကိုပါ ဆက်သနေရတာကြောင့် အခုလိုဖြစ်ရတာပါ"လို့ ပြောလိုက်သတဲ့ကွယ်။

အဲဒီအခါ ခြင်္သေ့ကြီး အတော်စိတ်ဆိုးသွားပြီး "ဒီကောင် ခွန်အားကြီး၊ မကြီး ငါစမ်းကြည့်ရတာပေါ့" လို့ဆိုကာ အဲဒီခြင်္သေ့ကြီးရှိတဲ့နေရာကို ယုန်ကလေးကို မေးသတဲ့ကွယ်။ ယုန်ကလေးလဲ "အခွင့်ကောင်းကြုံပြီကွ"ဆိုပြီး ခြင်္သေ့ကြီးကိုခေါ်သွားသတဲ့ကွယ်။ တောအလယ်လောက်ရောက်တော့ ရေမတွင်းကြီးတစ်ခုကိုလက်ညှိုးထိုးပြပြီး "ခြင်္သေ့မင်းကြီး အသင့်လို ခွန်အားကြီးတဲ့သူဟာ ဒီမြေအောက်တွင်းထဲမှာပါ။ အသင်သာ တကယ်ခွန်အားရှိသူမှန်ရင် ဒီခြင်္သေ့ကြီးကို အနိုင်တိုက်နိုင်မှာပါ"လို့ ပြောလိုက်သတဲ့ကွယ်။ ခြင်္သေ့ကြီးလဲ ယုန်ငယ်ကလေးရဲ့စကားကိုမခံနိုင်တာနဲ့ "သင်ကြည့်နေပါ။ ငါသူ့ကို ကိုက်ချီပြီးပြန်လာခဲ့မယ်"ဆိုပြီး တွင်းကြီးထဲ ခုန်ချသွားတာ ပြန်ပေါ်မလာနိုင်တော့ဘူးဖြစ်သွားသတဲ့ကွယ်။

အဲဒီလို ခြင်္သေ့ကြီးတွင်းနက်ကြီးထဲ ခုန်ချသွားတဲ့အကြောင်းကို ယုန်ကလေးဟာ တစ်တောလုံး သိအောင်ပြေးလွှားပြီး လိုက်ပြောသတဲ့ကွယ်။ တောအုပ်ကြီးထဲမှာရှိကြတဲ့ သားကောင်ကလေးတွေကလဲ ယုန်ကလေးကို ဖြတ်ထိုးဉာဏ်အလွန်ကောင်းတဲ့သူဆိုပြီး ချီးမွမ်းကြသတဲ့ကွယ်။ ယုန်မင်းကြီးကလဲ တစ်တောလုံးမှာနေထိုင်ကြတဲ့ သားကောင်တွေရဲ့ အသက်ကို ကယ်တင်ပေးခဲ့တဲ့ ယုန်ပညာရှိကလေးကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့သမီးတော်ကလေးနဲ့ လက်ထပ်ထိမ်းမြားပေးလိုက်သတဲ့ကွယ်။

ကလေးတို့ရေ ယုန်ကလေးက ဉာဏ်ကိုလွှာသုံးပြီး ခြင်္သေ့ကြီးကို တွင်းနက်ကြီးထဲပို့လိုက်တာပါကွယ်။ တွင်းနက်ကြီးထဲခုန်ချသွားတဲ့ ခြင်္သေ့ကြီးလဲ ဘယ်တော့မှ အပေါ်မတက်လာနိုင်တော့ဘူးကွယ်။ ဒါကြောင့် တစ်တောလုံးက ယုန်ကလေးကိုချီးမွမ်းကြတာပေါ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ပညာရှိဆိုတာ ကိုယ့်မြေ၊ ကိုယ့်လူမျိုးအခက်အခဲကြုံလာရင် ဘယ်လိုဖြေရှင်းပေးရမလဲဆိုတာကို ဖြတ်ထိုးဉာဏ်ကောင်းကောင်းနဲ့ သုံးသပ်ဆုံးဖြတ်နိုင်တဲ့သူဖြစ်တယ်ဆိုတာ ကလေးတို့ အခုလောက်ဆိုရင် သိနေလောက်ပြီထင်ပါတယ်ကွယ်။

**ကျောက်သင်ပုန်း**

## ဘိုးဘိုးဘွားဘွား လမ်းလျှောက်ကူ



♦ စောစောထလို့ ဘိုးဘွားကူ
လမ်းလျှောက်အတူတူ။

♦ နှင်းများပိတ်ထူ ဆောင်းနံနက်
ကျန်းမာရေးအတွက်။

♦ မြေးများယှဉ်လျက် လမ်းလျှောက်ပြိုင်
ဘိုးဘွားမမောနိုင်။

♦ ကျန်းမာကြံ့ခိုင် စောင့်ရှောက်ပေး
သားသားမီးမီးလေး။
ကြည်နူးရင်မှာနွေး။ ။

**မောင်မောင်လှဦး(မြန်မာစာ)**

## လူချွန်လူကောင်း



♦ ခဲတံကလေး ကိုင်ကာရယ်
စာရေးရအောင်ကွယ်၊
လမင်းသဖွယ် ဝိုင်းပါသေး
ဝလုံးလှလှလေး။

♦ လိမ္မာယဉ်ကျေး အပြောချို
အမြဲစာကျက်လို၊
နေ့စဉ်ဆိုကာ ရွတ်ဖတ်မှ
ထူးချွန်ထက်မြက်ကြ၊
ပထမဆုနှစ်တိုင်းရ။ ။

**အလင်္ကာ(ပွင့်ဖြူ)**




# မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”
“လွတ်လပ်မျှတ၊ မဲပေးကြ”

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၂၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၂၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် နေကြာ ၁၇၁၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၂၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၇၁၇၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၇၂၀၅ ဧကစိုက်ပျိုးပြီးစီး နေပြီဖြစ်ပါတယ်။လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို အချိန်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွ(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကုက္ကိုခွ(အရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာမှ အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ထားသော လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ကိုယ့်ကျိုးအတွက်မကြည့်ဘဲ ရပ်ရွာအကျိုးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများကို စနစ်တကျ ဖြည့်သွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း လက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်၊ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

PURE ARABICA COFFEE
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန် -၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန် -၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇




ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

## အများသိစေရန်အသိပေးကြေညာခြင်း

၃၁ လမ်းနှင့် ၅၇ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသော PHAMEDIC COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် 116683148(18/09/2014)သည် ၁-၁၁-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုမ္ပဏီ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာအရေအတွက် ၃၅၀၀ စု (ကျပ်သန်း ၃၅၀) မှ အစုရှယ်ယာအရေအတွက် ၁၂၀၀ စု(ကျပ် ၁၂၀ သန်း)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ဒါရိုက်တာအဖွဲ့)

## အများသိစေရန်အသိပေးကြေညာခြင်း

၄၆ လမ်းနှင့် ၄၇ လမ်းကြား၊ နွယ်သာကီလမ်းနှင့် ခွာညိုလမ်းမကြား၊ စက်မှုဇုန်(၁)၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသော NAN HTEIK KHAUNG COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် 109896012 (24/04/2014) သည် ၃-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာအရေ အတွက် ၁၀၀၀ စု(ကျပ်သန်း ၁၀၀)မှ အစုရှယ်ယာအရေအတွက် ၅၀၀ စု(ကျပ် ၅၀ သန်း)သို့ လျှော့ချရန်အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (ဒါရိုက်တာအဖွဲ့)

## မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နမိတ်အတွင်းရှိ ကုန်တင်ယာဉ်/ခေါက်တိုယာဉ်များနှင့် ကုန်ဂိတ်များ မှတ်ပုံတင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နမိတ်အတွင်းရှိ ပြေးဆွဲဖွင့်လှစ်လျက်ရှိသော မန္တလေးမြို့အခြေစိုက် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်၊ လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေအရ တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ခေါက်တိုယာဉ်) ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီတွင် နှစ်စဉ်မှတ်ပုံတင်ကြရမည် ဖြစ်ပါသည်။

**၂၀၂၆ ခုနှစ်**တွင် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ခေါက်တိုယာဉ်)ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ အမရပူရမြို့နယ်၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ် ရပ်နားစခန်း(စွယ်တော်)၊ အခန်းအမှတ်(MM-5)သို့ (၂၂-၁၂-၂၀၂၅)ရက်နေ့မှစ၍ လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ရုံးသို့လာရောက်ရန်အခက်အခဲရှိသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ကော်မတီ၏ကွင်းစစ်ဆေးရေးစခန်းများတွင်လည်း ဝင်ရောက်မှတ်ပုံတင်နိုင်ကြောင်း **ထပ်မံအသိပေး** နှိုးဆော်အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး
ကုန်တင်ယာဉ်/ခေါက်တိုယာဉ်
ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ
မန္တလေးမြို့

## (၂) နှစ်ပြည့်၊ လွမ်းဆွတ်သတိရအမှျဝေခြင်း

ဒေါက်တာစောအေးအေးခိုင် (၁၄-၁၂-၂၀၂၃)မှ (၁၄-၁၂-၂၀၂၅)၊
မိသားစုနှင့် ခွဲခွာသွားသည့် ရက်ပေါင်း (၇၃၀)ရက် ကြာရှည်ခဲ့ပြီး၊
သတိရ တမ်းတ လွမ်းဆွတ် သတိရဆဲပါ။
သမီးလေးအား ရည်မှန်းလှူဒါန်းအပ်သော ကောင်းမှုများ၏
ဒါနကံ၊ သီလကံ၊ **ဘာဝနာ**ကံတို့၏ **အဖို့ဘာဂ**ကို မြင့်မြတ်သော
ဘုံဘဝမှ သမီးလေး သာဓုအနု**မောဒနာ** ခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူ မေမေ - ဒေါ်မြင့်မြင့်စိန်(ကုန်စိမ်းပွဲရုံ)
ကိုကြီး - ကိုစောရန်နိုင်
မမ - မစောမြင့်မြင့်မော်
ကိုလေး - ကိုစောရန်အောင်

**လျှပ်စစ်မီးကို ချွေတာ သုံးစွဲပါ**

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



❖ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့် လက်ခံထား...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၅ လုံး ထပ်မံဖြိုချဖျက်ဆီး၊ အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများ သိမ်းဆည်းရမိ




နေပြည်တော် ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင်အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**ဥတ္တရသီရိမြို့နယ်၌ အများပြည်သူ၏ ဘာသာရေး ယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအား ညှိုးနွမ်းစေရန်နှင့် အမြင်မတင့်တယ်စေရန် ပြုလုပ်ခဲ့သူ အမျိုးသားလေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးအရေးယူ**

စာမျက်နှာ - ၂၁

## မြန်မာ့မီးရထားပိုင်ရထားသံလမ်းဆက်ပြားသံလမ်းဆက်မှုလီများနှင့်သံလမ်းထိန်းကလစ်များဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြို့ဟောင်းမှ သီလဝါခရီးစဉ်ပြေးဆွဲသော ကုန်ရထားလမ်းချော်မှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မြို့ဟောင်းမှ ရန်ကုန်တိုင်းဒေသကြီး သီလဝါခရီးစဉ်အဖြစ် ယနေ့နံနက် ၁ နာရီ ၉ မိနစ်တွင် စမုံဘူတာမှ ထွက်ခွာလာသည့် အမှတ်(၉၀၂)အစုန်ကုန်ရထားသည် နံနက် ၁ နာရီ ၁၈ မိနစ်၌ ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာကြား

စာမျက်နှာ ၂၁ ကော်လံ ၁ ❍



ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာကြား မိုင်တိုင်အမှတ်(၃၂၇/၁၂-၁၁)၌ အမှတ်(၉၀၂)အစုန် ကုန်ရထား လမ်းချော်မှု ပြန်လည်မတင် ပြီးစီးမှုကို တွေ့ရစဉ်။

